KHRG

ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

(၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ) (၂၁) ကြိမ်မြောက်ထုတ်ဝေသော KHRG ၏သတင်းလွှာ

# လူ့အခွင့်အရေးသတင်းလွှာ

## ကရင်လူ့အခွင့်အရေးအဖွဲ့

### ကျွန်ုပ်တို့၏ အဓိကလုပ်ငန်းများ

- ကွင်းဆင်းသုတေသနနှင့် မှတ်တမ်းပြုခြင်း
- အစီရင်ခံစာရေးသား ထုတ်ဝေခြင်း
- ကျေးလက်စွမ်းရည် ဆွေးနွေးပွဲများ
- ပြည်တွင်းပြည်ပ စည်းရုံး လှုံ့ဆော်ရေး



Karen Human Rights Group
(သို့မဟုတ်)
KHRG – ကရင်နှင့်မြန်မာဘာသာ

www.khrg.org

Karen Human Rights Group
(KHRG)

## မျှော်မှန်းချက်

ကရင်လူ့အခွင့်အရေးအဖွဲ့(KHRG)သည် အနာဂတ်တွင် မြန်မာပြည်မှတိုင်းရင်းသားနှင့် ပြည်သူလူထုများအားလုံး တရားမျှတမှုနှင့် တန်းတူအခွင့်အရေးများ အပြည့်အဝရရှိစေရန် မျှော်မှန်းချက်အခိုင်အမာထားရှိထားပါသည်။

## လုပ်ဆောင်ချက်

ကရင်လူ့အခွင့်အရေးအဖွဲ့(KHRG)သည် လွတ်လပ်သော လူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပြီး မြန်မာပြည်အတွင်း လူ့အခွင့်အရေးအခြေအနေ တိုးတက်ကောင်းမွန်လာစေရန် ရွာသားများ၏အသံများကို မှတ်တမ်းတင်ခြင်းနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများအပေါ် သူတို့၏အခွင့်အရေးများကို ပြန်လည်တောင်းဆိုခြင်း၊ တုန့်ပြန်ကာကွယ်ခြင်းစသည့် နည်းဗျူဟာများအား ပံ့ပိုးပေးခြင်းဖြင့်လုပ်ဆောင်နေပါသည်။ ရွာသားများ၏အသံ၊ အမြင်သဘောထားနှင့် အဓိကတောင်းဆိုမှုများကို ဆုံးဖြတ်ချက်ချနိုင်သော ဩဇာအာဏာရှိသူများအားလွှမ်းမိုးနိုင်ရန် ရွာသားများ၏လုပ်ဆောင်နိုင်စွမ်းနှင့် ၎င်းတို့၏လူ့အခွင့်အရေးများတောင်းဆိုရာတွင် အခွင့်အလမ်းပိုမိုရရှိလာစေရန် ရည်ရွယ်ပါသည်။ ထိုနည်းအတူ ပြည်တွင်းပြည်ပအဖွဲ့အစည်းများကိုလည်း ရွာသားများ၏ မိမိကိုယ်ကိုကာကွယ်သည့်နည်းလမ်းများအား ဝိုင်းဝန်းပံ့ပိုးပေးရန် တိုက်တွန်းလှုံ့ဆော်ပါသည်။

## နောက်ခံသမိုင်း အကျဉ်းချုပ်

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့သည် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပြီး မြန်မာပြည်အတွင်းလူ့အခွင့်အရေးအခြေအနေ တိုးတက်ကောင်းမွန်လာစေရန် ရွာသားများ၏အသံများကို မှတ်တမ်းတင်ခြင်းနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများအပေါ် သူတို့၏အခွင့်အရေးများကို ပြန်လည်တောင်းဆိုခြင်း၊ တုံ့ပြန်ကာကွယ်ခြင်း စသည့်နည်းဗျူဟာများအား ပံ့ပိုးပေးခြင်းဖြင့်လုပ်ဆောင်နေပါသည်။ ထို့အပြင် ရရှိသည့်သတင်းအချက်အလက်များကို ဖြန့်ဝေပေးခြင်းနှင့် ချိုးဖောက်မှုများကို ကာကွယ်လျှက်ရှိသည့် ရွာသားများ၏နည်းဗျူဟာများအား ပိုမိုကောင်းမွန်လာစေ ရန် ၎င်းတို့နှင့်ပူးပေါင်းလုပ်ဆောင်မှုများလုပ်ခြင်း ဖြင့် မြန်မာပြည်ရှိလူ့အခွင့်အရေးအခြေအနေ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ကြိုးပမ်းလျှက်ရှိနေပါသည်။ ကျွန်ုပ်တို့၏လုပ်ငန်းများကို အသေးစိတ်သိရှိလိုပါက www.khrg.org တွင် ဖတ်ရှုနိုင်ပါသည်။

# စကားချီး

ဝမ်းမြောက်ခြင်းများစွာဖြင့် ၂၁ ကြိမ်မြောက်သတင်းလွှာကို KHRG မှ တစ်ဖန်ထုတ်ဝေနိုင်ခဲ့ပြီဖြစ်ပါသည်။ ဤသတင်းလွှာကို တစ်နှစ်တွင်နှစ်ကြိမ် ထုတ်ဝေလျှက်ရှိပါသည်။ ယခုအကြိမ်ထုတ်ဝေသည့် ဤသတင်းလွှာကို ၂၀၂၃ ခုနှစ်၊ ဧပြီလမှ ဩဂုတ်လအထိ KHRG မှလက်ခံရရှိခဲ့သည့် သတင်းအချက်အလက်များနှင့် ၎င်းမတိုင်မီအချိန်မှ သတင်းဖြစ်ရပ်များလည်း ထည့်သွင်းရေးသားထားပါသည်။

ဤသတင်းလွှာအား ဖြန့်ဝေရသည့်ရည်ရွယ်ချက်မှာ KHRG မှ လက်ခံရရှိခဲ့သော အချက်အလက်များကို ခရိုင်(၇)ခုအတွင်းရှိ ပြည်သူလူထုများအကြားမျှဝေပေးလိုခြင်းကြောင့်ဖြစ်သည်။ စာဖတ်သူများသည် ခရိုင်တစ်ခုချင်းစီမှဖြစ်ပွားခဲ့သည့် အမျိုးမျိုးသောလူ့အခွင့်အရေးချိုးဖောက်မှုများကို ဖတ်ရှုနိုင်ရန်၊ ကရင်ပြည်နယ်ရှိ ခရိုင်အားလုံးမှ လူ့အခွင့်အရေးအခြေအနေများကို သိရှိရန်နှင့် မျက်စိပွင့်နားပွင့်လာရန်ရည်ရွယ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။

ဤ KHRG သတင်းလွှာတွင် ပါရှိသောအချက်အလက်များကို ကရင်ပြည်နယ်၏ ခရိုင်(၇)ခုဖြစ်သော **သထုံခရိုင်(ဒူးသထူ)၊ တောင်ငူခရိုင်(တောအူး)၊ ညောင်လေးပင်ခရိုင်(ခလယ်လွီထူ)၊ မြိတ်–ထားဝယ်ခရိုင်၊ ဖာပွန်ခရိုင် (မူတြော်)၊ ဒူးပလာယာခရိုင်နှင့် ဘားအံခရိုင်**တို့မှ ကောက်ယူ၍ ရေးသားတင်ဆက်ထားပါသည်။ ဤသတင်းလွှာထဲမှ လူ့အခွင့်အရေးချိုး ဖောက်မှုပြဿနာတစ်ခုချင်းစီသည် ခရိုင်အားလုံးတွင်ဖြစ်ပွားခဲ့ပြီး အချို့နေရာတွင် ချိုးဖောက်မှုပုံစံတူညီမှုရှိကြပြီး အချို့တွင် ကွဲပြားမှုများရှိနေသည်ကို စာဖတ်သူများအနေဖြင့် သိရှိနိုင်မည်ဖြစ်သည်။

ဤဖော်ပြပါသတင်းစာစောင်ထဲ၌ လေကြောင်းတိုက်ခိုက်မှုများ၊ လူ့အခွင့်အရေးနှင့်ပတ်သတ်၍ ကရင်လူ့အခွင့်အရေးဖွဲ့၏ စည်းရုံးလှုံ့ဆော်ရေးနှင့်အကျိုးသက်ရောက်မှုများ၊ ပညာရေးနှင့်ကျန်းမာရေးအခြေအနေ၊ အရပ်သားပြည်သူများအား သတ်ဖြတ်ခြင်း ညှဥ်းပမ်းနှိပ်စက်ခြင်း မတရားဖမ်းဆီးချုပ်နှောင်ခြင်းနှင့် ခြိမ်းခြောက်ခြင်း၊ မြေမြှုပ်မိုင်းအသုံးပြုခြင်း၊ စစ်ရေးလှုပ်ရှားမှု လုယက်ခိုးယူခံရမှု နေအိမ်မီးရှို့ဖျက်ဆီးခံရမှုနှင့် သွားလာမှုများအားကန့်သတ်ခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ လက်နက်ကြီးပစ်ခတ်ခြင်း စသည့် အကြောင်းအရာများ ပါဝင်ပါသည်။။

နောက်ဆုံးအနေဖြင့် မြန်မာပြည်အရှေ့တောင်ပိုင်းဒေသအတွင်း ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို စာဖတ်သူများမှ သိရှိနားလည်ပြီး ရွာသားများရင်ဆိုင်ကြုံတွေ့ရသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် ၎င်းတို့၏ခံစားချက်များကို စာဖတ်သူများအနေဖြင့် ရှုမြင်ခံစားနိုင်မည်ဟု KHRG မှ ယုံကြည်ပါသည်။ ထို့အပြင် ဖြစ်နိုင်မည်ဆိုလျှင် ရွာသားများကြုံတွေ့ခံစားရသည့် ပြဿနာရပ်များအား ရှေ့ဆက်၍ အနာဂတ်တွင် အတူတကွကိုင်တွယ်ဖြေရှင်းနိုင်မည့် နည်းလမ်းများရှာဖွေရန်ဖြစ်ပါသည်။



# ဗမာစစ်တပ်၏ လေကြောင်းပစ်ခတ်တိုက်ခိုက်မှုများ

၂၀၂၃ ခုနှစ်၊ မတ်လမှ ဩဂုတ်လအတွင်း ဗမာစစ်သားများမှ ကရင်ပြည်နယ်ရှိ ကျေးလက်ဒေသများတွင် လေကြောင်းတိုက်ခိုက်ခြင်းအားဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကြိမ်ဖန်များစွာပြုလုပ်ခဲ့သော သတင်းအကြောင်းအရာများကို KHRG မှ လက်ခံရရှိခဲ့သည်။ ဤကဲ့သို့လေကြောင်းတိုက်ခိုက်မှုများကြောင့် ဒေသခံရွာသားများ ထိခိုက်ဒဏ်ရာရရှိခြင်း၊ သေဆုံးရခြင်း၊ ထွက်ပြေးတိမ်းရှောင်နေရခြင်းအပါအဝင် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ရန်လယ်ယာမြေများ၊ အိမ်ယာပိုင်ဆိုင်မှုများ၊ စာသင်ကျောင်း၊ ဘုရားကျောင်း၊ ဘုန်းကြီးကျောင်းများစွာပျက်စီးဆုံးရှုံးခဲ့ရပြီး တိရိစ္ဆာန်ကျွဲ၊ နွားများမှာလည်း ထိခိုက်သေဆုံးခဲ့ကြရပါသည်။ KHRG မှ ဤခြောက်လတာကာလအတွင်း ခရိုင် (၅) ခရိုင်ဖြစ်သည့် ဒူးသထူခရိုင်၊ တောအူးခရိုင်၊ ခလယ်လွီထူခရိုင်၊ ဒူပလာယာခရိုင်နှင့် မူတြော်ခရိုင်တို့တွင် ဗမာစစ်တပ်၏စစ်လေယာဉ်များမှ လေကြောင်းတိုက်ခိုက်မှု (၂၄) ကြိမ်ပြုလုပ်ခဲ့သည့် အချက်အလက်များကို လက်ခံရရှိခဲ့ပါသည်။ ဗမာစစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ဒေသခံရွာသူရွာသား (၂) ဦးသေဆုံးခြင်း၊ (၇) ဦး ဒဏ်ရာရရှိခြင်း၊ နေအိမ်(၁၅)လုံးပျက်စီးခြင်း၊ စာသင်ကျောင်း(၂) ကျောင်း ပျက်စီးခြင်း၊ ဘော်ဒါဆောင်(၁) လုံးပျက်စီးခြင်း၊ ကတ်သလစ်ခရစ်ယာန် သီလရှင်ဘော်ဒါဆောင် (၁) လုံးပျက်စီးခြင်း၊ စပါးကျီ (၁) လုံးပျက်စီးခြင်း၊ ဘုရားကျောင်း(၁)လုံး ပျက်စီးခြင်းအပြင် ကျွဲ (၁) ကောင်သေဆုံးခြင်းနှင့် (၃) ကောင်ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ KHRG မှ လက်ခံရ ရှိသော ဗမာစစ်တပ်၏ လေကြောင်းဖြင့်တိုက်ခိုက်မှုသည် အမှန်တကယ်ဖြစ်ပွားနေသည့် လေကြောင်းတိုက်ခိုက်မှု အရေအတွက်ထက် နည်းနေပါလိမ့်မည်။

**ဒူးသထူခရိုင်**

၂၀၂၃ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် ဗမာစစ်တပ်၏ စစ်လေယာဉ်များမှ ဒူးသထူခရိုင်၊ ဘားအံမြို့နယ်၊ တကောဘိုးကျေးရွာအုပ်စုတွင် လေကြောင်းတိုက်ခိုက်မှုပြုလုပ်ရာတွင် အသက် (၅၅) နှစ်ရှိ ခက----- ရွာသား စောက--- သေဆုံးသွားခဲ့ပါသည်။ ထို့အပြင် ရွာသားများ၏နေအိမ်များနှင့် စိုက်ပျိုးပင်များမှာလည်း ပျက်စီးသွားခဲ့ပါသည်။

**တောအူးခရိုင်**

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့ KNLA နှင့် ဗမာစစ်သားများကြားတိုက်ပွဲဖြစ်ပွားသည့်အချိန်တွင်ဗမာစစ်တပ်မှ တောအူးခရိုင်၊ ထောတထူမြို့နယ်၊ ပယ်ထီဒေသ၊ ခခ-- ကျောင်း အနီးတဝိုက်ရှိ နေရာများနှင့် တောအူးရွာတို့တွင် လေကြောင်းတိုက်ခိုက်မှုကို ပြုလုပ်ခဲ့ပါသည်။ ဤလေကြောင်းဖြင့်တိုက်ခိုက်မှုအတွင်း ရွာသားတစ်ဦးတစ်ယောက်မှ ဒဏ်ရာရထိခိုက်သေဆုံးခြင်းမရှိခဲ့သော်လည်း ရွာသားများနှင့် ကျောင်းသူကျောင်းသားများအပါအဝင် ကြောက်ရွံ့၍ အခြားသောနေရာဒေသများသို့ထွက်ပြေးတိမ်းရှောင်ခဲ့ကြရပါသည်။ ရွာသားများအနေဖြင့် ဗမာစစ်တပ်မှ လေကြောင်းဖြင့်ထပ်မံလာရောက်ပစ်ခတ်မည်ကို စိုးရိမ်ကြောက်ရွံ့နေကြပါသည်။

၂၀၂၃ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့ မနက် (၁၀)နာရီဝန်းကျင်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ဂျက်လေယာဉ်နှစ်စီးသည် ဒေါ်ဖားခိုမြို့နယ်၊ ထီးသာစောကျေးရွာအုပ်စု၊ ခဂ---ကျေးရွာတွင် လေကြောင်းတိုက်ခိုက်မှု နှစ်ကြိမ်ပြုလုပ်ခဲ့သည်။ ဤလေကြောင်းပစ်ခတ်မှုတွင် အရပ်သားနေအိမ်လေးလုံးနှင့် ဘုရားကျောင်းတစ်ကျောင်း ထိခိုက်ပျက်စီးခဲ့သည်။ ခဂ---ရွာတွင် ခန့်မှန်းခြေ အိမ်ခြေပေါင်း (၁၂၀)ခန့်ရှိသည်။ လေကြောင်းပစ်ခတ်မှုကြောင့် ရွာသားများ ထိခိုက်ဒဏ်ရာရခြင်းနှင့်သေဆုံးခြင်းများ မရှိခဲ့ပေ။ အကြောင်းမှာ လေကြောင်းပစ်ခတ်မှု မဖြစ်ပွားမီကပင် ရွာသားများသည် ၎င်းတို့ရွာမှ ထွက်ပြေးတိမ်းရှောင်ခဲ့ကြခြင်းကြောင့်ဖြစ်သည်။ ထီးသာစောကျေးရွာအုပ်စုတွင်းရှိ ခဂ---ရွာနှင့် နီးစပ်ရာကျေးရွာများတွင် နေထိုင်ကြသည့်ရွာသား နှစ်ထောင်ကျော်သည် ဗမာစစ်တပ်၏လေကြောင်းပစ်ခတ်မှုကို ကြောက်ရွံ့သောကြောင့် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ တစ်ချို့ရွာ သားများသည် ဒေါ်ဖားခိုမြို့နယ်၊ သောက်ရေခပ်ဒေသသို့ တိမ်းရှောင်ခဲ့ပြီး တစ်ချို့သောရွာသားများမှာ တောင်ငူမြို့သို့ တိမ်းရှောင်ခဲ့ရသည်။ ဒေါ်ဖားခိုမြို့နယ်မှ ဒေသခံရွာသားတစ်ဦး၏ပြောပြချက်အရ လေကြောင်းပစ်ခတ်မှုကြောင့် ထွက်ပြေးတိမ်းရှောင်နေစဉ်အတွင်း ကိုယ်ဝန်ဆောင်အမျိုးသမီးလေးဦးသည် ၎င်းတို့၏ရင်သွေးများကို မွေးဖွားခဲ့ရသည်။

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် SAC လေယာဉ်နှစ်စီးသည် ဒေါ်ဖားခိုမြို့နယ်၊ ထီးသာစောကျေးရွာအုပ်စု၊ ခဂ---ကျေးရွာတွင် လေကြောင်းတိုက်ခိုက်မှု ရှစ်ကြိမ်ပြုလုပ်ခဲ့သည်။ ထိုလေကြောင်းပစ်ခတ်မှုကြောင့် ရိုမန်ကတ်သလစ် သီလရှင်ကျောင်းတစ်ကျောင်း၊ ရွာသားများပိုင်ဆိုင်သည့်စပါးကျီတစ်ခုနှင့် လူနေအိမ်နှစ်လုံး ထိခိုက်ပျက်စီးခဲ့သည်။ SAC လေယာဉ်မှ ပစ်ချလိုက်သည့်ဗုံးနှစ်လုံးသည် ရိုမန်ကတ်သလစ်သီလရှင်ကျောင်းတွင်ကျရောက်ပေါက်ကွဲသွား၍ လုံးဝပျက်စီးသွားခဲ့သည်။ တဖန် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့ နေ့လယ်နှစ်နာရီဝန်းကျင်တွင် ဗမာစစ်တပ်၏ လေယာဉ်သုံးစီးသည် ထီးသာစောကျေးရွာအုပ်စု၊ ခဃ---ကျေးရွာတွင် လေကြောင်းတိုက်ခိုက်မှု (၁၃)ကြိမ်ထက်မနည်း ပြုလုပ်ခဲ့သည်။ ဤလေကြောင်းပစ်ခတ်မှုတွင် အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်းနှင့်သေဆုံးခြင်းများ မရှိခဲ့ပေ။ သို့သော်လည်း အရပ်သားများ ၏အိုးအိမ်ပိုင်ဆိုင်မှုများ ထိခိုက်ပျက်စီးခဲ့သည်။ ထို့အ ပြင် လေကြောင်းပစ်ခတ်မှုကြောင့် ရွာသားများ

ပိုင်ဆိုင်သည့် ခွေး၊ ကြက်နှင့် ဘဲအစရှိသည့်တိရိစ္ဆာန်များကို ထိမှန်ပြီး သေဆုံးခြင်းများရှိခဲ့သည်။ ခဃ---ရွာသည် ခဂ---ရွာနှင့် ၁.၅ ကီလိုမီတာခန့်သာကွာဝေးသည်။ ထို့ကြောင့် ခဃ---ရွာသားများသည် ဇူလိုင်လ ၁၈ ရက်နေ့တွင် ခဂ---ရွာတွင်ဖြစ်ပွားခဲ့သည့် လေကြောင်း ပစ်ခတ်မှုကြောင့် ၎င်းတို့ရွာမှ ထွက်ပြေးတိမ်းရှောင်နေခဲ့ပြီးဖြစ်သည်။ လေကြောင်းပစ်ခတ်မှု၏ အန္တရာယ်ကို ကြောက်ရွံ့သောကြောင့် ထီးသာစောကျေးရွာအုပ်စုရှိ ခဃ---ရွာနှင့်နီးစပ်သော အခြားရွာလေးရွာတွင်နေထိုင်ကြသည့် ရွာသားများသည် အသက်လုံခြုံရေးအတွက် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

## ခလယ်လှို့ထူခရိုင်

၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် KNLA နှင့် ဗမာစစ်သားများကြားတိုက်ပွဲဖြစ်ပွားသည့်အချိန်တွင်ဗမာစစ်တပ်မှ လယ်ဒိုမြို့နယ်ရှိ ဖဲအေးနယ့်ကျေးရွာအုပ်စု၊ ခင--- ကျေးရွာ, ခစ--- ကျေးရွာ နှင့် ခဆ--- ကျေးရွာတို့တွင် လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သဖြင့် ရွာသားများ၏ နွား (၁) ကောင်သေဆုံးသွားခဲ့ပြီး နွား (၃) ကောင် ဒဏ်ရာရရှိသွားခဲ့ပါသည်။ ဗမာစစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသားများသည် ကြောက်ရွံ့ကြရပြီးထွက်ပြေးတိမ်းရှောင်နေကြရပါသည်။ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့ ညနေ (၈း၀၀) နာရီအချိန်တွင် ဗမာစစ်တပ်၏ ခြေမြန်တပ်ရင်းအမှတ် (၄၃၉)မှ ဖြူးမြို့နယ်၊ ပယားလာဟာ့ကျေးရွာအုပ်စု, ခဇ--- ကျေးရွာတွင် ဒရုန်းဖြင့်လက်နက်ကြီးပစ်ချခဲ့သဖြင့် ရွာသား(၄)ဦး ဒဏ်ရာရရှိသွားခဲ့ပါ သည်။

၂၀၂၃ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့ မနက် (၄း၀၀) နာရီခန့်တွင် KNDO၊ KNLA နှင့် PDF ပူးပေါင်းတပ်ဖွဲ့များသည် လယ်ဒိုမြို့နယ်၊ နန့်သာကွင်းကျေးရွာအုပ်စုရှိ ဗမာစစ်တပ်၏ စစ်တပ်စခန်း (၄) လုံးကို တိုက်ခိုက်သိမ်းပိုက်ခဲ့ပါသည်။ ဤစစ်တပ်စခန်း(၄) လုံးတို့မှာ ရေတွင်းကုန်းစခန်း၊ နန့်သာကွင်းရဲစခန်း၊ နန့်သာကွင်းမြို့ရဲဂိတ်နှင့်နန့်သာကွင်းတံတားလုံခြုံရေးနေရာများဖြစ်ကြပါသည်။ ဤဖြစ်ပျက်မှုပြီးနောက် ဗမာစစ်တပ်မှ တိုက်လေယာဉ် (၁) စီးနှင့် ရဟတ်ယာဉ် (၂) စီးတို့ဖြင့် ခည--- ကျေးရွာတွင် (၄) ကြိမ်ဆက် တိုက် လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့တွင် လယ်ဒိုမြို့နယ်၊ ပရဲလိုကလိုးအနောက်ဘက်၊ ခတ--- ကျေးရွာတွင် KNLA ပူးပေါင်းတပ်ဖွဲ့များနှင့် ဗမာစစ်တပ်များကြား တိုက်ပွဲဖြစ်ပွားသည့်အချိန်တွင် ဗမာစစ်တပ်မှ ခတ--- ကျေးရွာတွင်းသို့ တိုက်လေယာဉ်ဖြင့် ချက်ချင်း ဗုံး (၆) လုံးကြဲချခဲ့ပါသည်။ ထို့နောက် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့မှစတင်၍ လယ်ဒိုမြို့နယ်နှင့် ဆောထိမြို့နယ်တွင်းဒေသများသို့ ဗမာအာကာသိမ်းစစ်တပ်၏ စစ်လေယာဉ်များမှ လာရောက်ပျံသန်းမှုများကို တစ်နေ့ (၁) ကြိမ်မှ (၂) ကြိမ်အထိ လာရောက်ပြုလုပ်ခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင်လည်း ဗမာစစ်တပ်မှ တိုက်လေယာဉ် (၂) စီးဖြင့် လယ်ဒိုမြို့နယ်၊ ဃဲဒဲကျေးရွာအုပ်စု၊ ခထ--- ကျေးရွာတွင် လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သဖြင့် လေကြောင်းတိုက်ခိုက်မှုအတွင်း အသက်(၇၅)နှစ် အရွယ်ရှိ နော်ခ --- ပေါင်တွင် ပေါက်ကွဲဗုံးစထိမှန်သဖြင့် ချက်ချင်းသေဆုံးသွားခဲ့ပါသည်။ ထိုနေ့ ညနေ(၄း၄၀)အချိန်တွင် ဗမာစစ်တပ်မှ တိုက်လေယာဉ်ဖြင့် လယ်ဒိုမြို့နယ်၊ လယ်ဝါးကျေးရွာအုပ်စု၊ ခဒ--- ကျေး ရွာတွင် ဗုံး(၆)လုံးပစ်ချခဲ့ခြင်းကြောင့် ရွာသား(၃)ဦးဖြစ်ကြသည့် နော်ဂ--- (၁၉)နှစ်၊ စောဃ--- (၁၈) နှစ်နှင့် နော်င--- (၃၀) နှစ်တို့ ထိခိုက်ဒဏ်ရာရရှိသွားခဲ့ပါသည်။ ဗမာတပ်မှ တိုက်လေယာဉ်ဖြင့် လယ်ဒိုမြို့နယ်၊ ခဲဒဲကျေးရွာအုပ်စုနှင့် လယ်ဝါးကျေးရွာအုပ်စုတို့တွင် လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခြင်းကြောင့် ရွာသားများသည် အခြားသောနေရာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရပါသည်။

## မူတြော်ခရိုင်

၂၀၂၃ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေကေးကျေးရွာအုပ်စု၊ ခန--- ကျေးရွာတွင် ဗမာစစ်တပ်မှ တိုက်လေယာဉ်ဖြင့်လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သဖြင့် ရွာသားများ၏ နေအိမ်(၂)လုံး ပျက်စီးသွားခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့တွင် ဗမာစစ်တပ်မှ တိုက်လေယာဉ် (၂) စီးသည် ပေကေးကျေးရွာအုပ်စု၊ စယ်သွယ်သောကျောင်းနေရာတွင် လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းကြောင့် ကျောင်းနေရာအဆောက် အဦး(၄)လုံးနှင့်

စာမျက်နှာ ၁၃ သို့ ▶▶ ▶▶





ဤပုံနှစ်ပုံကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေကေးကျေးရွာအုပ်စု၊ စယ်သွယ်သောကျောင်းတွင် ရိုက်ယူခဲ့ပါသည်။ ဤပုံတို့သည် ဗမာစစ်တပ်၏ တိုက်လေယာဉ်ဖြင့် ဗုံးကြဲခြင်းကြောင့် ပျက်စီးသွားသည့် စယ်သွယ်သောကျောင်းအဆောက်အဦးပုံဖြစ်ပါသည်။ (ဓာတ်ပုံ – KHRG)



# လူ့အခွင့်အရေးနှင့်ပတ်သက်၍ ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG)၏ စည်းရုံးလှုံ့ဆော်ရေးနှင့် အကျိုးသက်ရောက်မှုများ

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်ပြည်သူများ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်၍ မည်သို့ရင်ဆိုင်တွေ့ကြုံခံစားရပုံကို ပိုမိုသိရှိနားလည်စေရန်၊ လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ ပြစ်မှုများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်ပေးရန်၊ အရေးယူဆုံးဖြတ်ချက်ချရာတွင် ပြည်သူလူထုများ၏ အသံများနှင့် အမြင်သဘောထားများကို အလေးပေးနားထောင်ပြီး ထည့်သွင်းစဉ်းစားဆုံးဖြတ်ပေးစေရန်၊ လူ့အခွင့်အရေး ချိုးဖောက်ခံရသူများအား အကာအကွယ်များ ရရှိစေရန်နှင့် နောက်နောင်တွင် ဤကဲ့သို့သော လူ့အခွင့်အရေးချိုးဖောက်မှုများ လုံးဝမရှိစေရန် မျှော်မှန်းချက်ထားရှိသည့်အပေါ် တရားမျှတမှုပေါ်ထွန်းရေး၊ ပြစ်မှုကျူးလွန်သူများမှ တာဝန်ယူမှု တာဝန်ခံမှုရှိလာရေးနှင့် လူ့အခွင့်အရေးအခြေအနေ ကောင်းမွန်လာစေရေးအတွက် ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG)မှ စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းများ လှုပ်ရှားဆောင်ရွက်လျှက်ရှိသည်။

KHRG အနေဖြင့် နှစ်စဉ်နှစ်တိုင်း လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ အစီရင်ခံစာများကို ရေးသားထုတ်ဝေပြီး မှတ်တမ်းပြုစုထားသော သတင်းအချက်အလက်များကို ဒေသခံအဆင့်နှင့် နိုင်ငံတကာအဆင့်အထိပါ စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ခဲ့ကြသည်။

KHRG မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ထုတ်ပြန်ကြေငြာစာတမ်း ၇ ခုရေးသားထုတ်ဝေခဲ့ပြီးဖြစ်သည်။ အခြားသော လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် ပူးတွဲထုတ်ပြန်ထားသည့် ကြေငြာစာတမ်း များလည်းရှိခဲ့သည်။ KHRG မှ ရေးသားထုတ်ဝေခဲ့သော အချို့ထုတ်ပြန်ကြေငြာစာတမ်းများမှာ ကမ္ဘာ့ဒုက္ခသည်များနေ့၊ အပြည်ပြည်ဆိုင်ရာ အတင်းအဓမ္မပျောက်ဆုံးမှု ဒဏ်ခံရသူများနေ့၊ အပြည်ပြည်ဆိုင်ရာ မိုင်းသတိပြုရေးနှင့် မိုင်းအရေးလှုပ်ရှားမှုကူညီရေးနေ့နှင့် ပညာရေးအပေါ် အကြမ်းဖက်တိုက်ခိုက်ခြင်းမှ အပြည်ပြည်ဆိုင်ရာ ကာကွယ်ရေးနေ့တို့ဖြစ်သည်။ ထို့အပြင် စစ်ကောင်စီတပ်သားများ၏ အရပ်သား ပြည်သူလူထုများအပေါ် ပစ်မှတ်ထားလေကြောင်းတိုက်ခိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာရရှိမှုများနှင့် သေဆုံးမှုများ၊ စစ်ကောင်စီတပ်သားများမှ ရပ်ရွာများအတွင်းသို့ ဝင်ရောက်ကာ ရွာသားများအား ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခြင်းများနှင့် အခြားသောလူ့အခွင့်အရေး ချိုးဖောက်မှုဆိုင်ရာ ကျူးလွန်မှုများအပေါ် သဘောထားထုတ်ပြန်ကြေငြာချက်များကို အခြားအဖွဲ့အစည်းများနှင့်အတူ ပူးတွဲရေးသားထုတ်ဝေခဲ့သည်။

ထို့နည်းအတူ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ သတင်းအချက်အလက်များကို သက်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများထံသို့ သုံးကြိမ်တိုင်တိုင် ပေးပို့ခဲ့သည်။ ပထမအကြိမ်ပေးပို့ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာတစ်ခုမှာ ထိုင်းနိုင်ငံအတွင်း ထွက်ပြေးတိမ်းရှောင်လာသော ရွာသားများကို ထိုင်းအရာရှိတာဝန်ခံများက မြန်မာပြည်အတွင်း အတင်းပြန်ခိုင်းစေသော လုပ်ရပ်ဖြစ်သည်။ ဒုတိယအကြိမ်တွင် ၂၀၂၁ ခုနှစ် စစ်ကောင်စီအာဏာသိမ်းပြီးကတည်းက ကရင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပိတ်ဆို့တားဆီးခြင်း လုပ်ရပ်များကို ပေးပို့ခဲ့ပြီး ကရင်ပြည်နယ်အတွင်း စစ်ကောင်စီတပ်သားများ၏ ဘာသာရေးဆိုင်ရာ လွတ်လပ်မှုများအား ဖျက်ဆီးနှောက်ယှက်မှုလုပ်ရပ်များကို သုံးကြိမ်မြောက်အဖြစ် ပေးပို့ခဲ့သည်။ ဤသုံးကြိမ်စလုံးကို ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (Office of the United Nations High Commissioner for Human Rights) ထံ ပေးပို့ခဲ့ခြင်းဖြစ်သည်။ ယခုနှစ် ရှစ်လတာကာလအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ သတင်းအချက်အလက်များကို နိုင်ငံတကာအဖွဲ့အစည်းများထံ သုံးကြိမ်မျှသာ ပေးပို့နိုင်ခဲ့သော်ငြားလည်း ထွက်ပြေးတိမ်းရှောင်ရမှုများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များနှင့် အိတ်ဖွင့်ပေးစာများကိုလည်း နိုင်ငံတကာခေါင်းဆောင်များနှင့် အခြားသောနိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်းများထံသို့ ၅ ကြိမ်ထက်မနည်း ပေးပို့ခဲ့သည်။


ပြည်တွင်းအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့် စည်းရုံးလှုံ့ဆော်မှုများအနေဖြင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် တွေ့ဆုံဆွေးနွေးမှုများသည် ၇ ကြိမ်ထက်မနည်း ပြုလုပ်ခဲ့သည်။ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နိုင်ငံတကာသံအမတ်ကြီးများအနက် တရားမျှတမှုနှင့်တာဝန်ခံမှုဆိုင်ရာဗဟိုဌာန (Center for Justice and Accountability), အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များကော်မရှင် (International Commission of Jurists – ICJ)၊ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး (Office of the United Nations High Commissioner for Human Rights)၊ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှသံအမတ်ကြီး၊ ဆွစ်ဇာလန်သံအမတ်ကြီး၊ ဂျာမနီသံအမတ်ကြီးများနှင့် ထိုင်းနိုင်ငံဆိုင်ရာ နော်ဝေးသံအမတ်ကြီးတို့နှင့် တွေ့ဆုံဆွေးနွေးဖြစ်ခဲ့သည်။ တွေ့ဆုံဆွေးနွေးခဲ့ရာတွင် KHRG မှ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသများတွင် ဖြစ်ပွားခဲ့သော စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုနှင့် ဆယ်စုနှစ်သုံးခုအတွင်း ဒေသခံပြည်သူတို့၏ သက်သေခံချက်များ

အပေါ် “ငြင်းဆို၍မရနိုင်တော့သော” ခေါင်းစဉ်ဖြင့် ရေးသားထုတ်ဝေခဲ့သော အစီရင်ခံစာမှ တွေ့ရှိချက်အတိုင်း စည်းရုံးလှုံ့ဆော်မှုပြုလုပ်ခဲ့သည်။ ထို့နောက် KHRG သည် ၂၀၂၁ ခုနှစ်ကတည်းက အာဏာသိမ်း ဗမာစစ်တပ်စစ်သားများ၏ ရွာသားများအပေါ်နှင့် ရွာသားများ၏ လုပ်ကိုင်စားသောက်ရာနေရာများကို ပစ်မှတ်ထားပြီး လက်နက်ကြီး ပစ်ခတ်မှုများနှင့် လေကြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်မှုများအပြင် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများကို ထုတ်ဖော်ပြောဆိုဆွေးနွေးခဲ့သည်။ တွေ့ဆုံဆွေးနွေးမှုတိုင်းတွင် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် ရွာသားများ၏အမြင်သဘောထားများ အလေးပေးတင်ပြခဲ့ပြီး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် နိုင်ငံတကာခေါင်းဆောင်များအား စစ်အစိုးရအား ထိထိရောက်ရောက် အရေးယူဆောင်ရွက်ပေးရန် တောင်းဆိုခဲ့သည်။ တောင်းဆိုချက်များမှာ နိုင်ငံတကာမှ စစ်အစိုးရအား လေယာဉ်လောင်စာဆီ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ထောက်ပံ့မှုများ၊ ဗမာစစ်တပ်ထံသို့ နိုင်ငံတကာမှ စစ်လက်နက်များ ပို့ဆောင်မှုများအပေါ် ပိတ်ဆို့အရေးယူပေးရန်၊ ဗမာစစ်တပ်နှင့်သက်ဆိုင်သော စီးပွားရေးများနှင့် ငွေကြေးစီးဆင်းမှု လုပ်ငန်းများကို ပိတ်ဆို့ပေးရန်၊ ကြီးလေးသောရာဇဝတ်မှုများကို ကျူးလွန်သည့် ဗမာစစ်တပ်၏အရာရှိ၊ အရာခံများအား မည်သည့်နည်းလမ်းမဆို ထိထိရောက်ရောက်အရေးယူပေးရန်နှင့် နိုင်ငံတကာလူမှုကူညီရေးအဖွဲ့အစည်းများကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ အမှန်တကယ်လိုအပ်နေသော ပြည်သူလူထုများအား ပိုမိုထောက်ပံ့ပေးပါရန် စသည်တို့ပါဝင်ပါသည်။

## စည်းရုံးလှုံ့ဆော်မှုများအပေါ် နိုင်ငံတကာအစိုးရများ၏ ကိုင်တွယ်ဆောင်ရွက်မှု

KHRG ၏ တိုက်ရိုက်စည်းရုံးလှုံ့ဆော်မှုနှင့် လှုပ်ရှားဆောင်ရွက်မှုများအပြင် အခြားသော လူ့အခွင့်အရေးအခြေပြုသည့် မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ လှုပ်ရှားဆောင်ရွက်မှုများကြောင့် မြန်မာပြည်၏ လူ့အခွင့်အရေးကိစ္စရပ်များအပေါ် နိုင်ငံတကာရှိ ခေါင်းဆောင်များမှ လုပ်သင့်လုပ်ထိုက်သော ကိုယ်တွယ်ဖြေရှင်းမှုများ ပြုလုပ်နေသည်ကို မြင်တွေ့ခဲ့ရပါသည်။ နိုင်ငံတကာခေါင်းဆောင်များနှင့် အဖွဲ့အစည်းများမှ ကိုင်တွယ်ဖြေရှင်းလျက်ရှိသော အချို့ဆောင်ရွက်မှုများမှာ အောက်ပါဖော်ပြချက်အတိုင်းဖြစ်သည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလအတွင်းတွင် လူ့အခွင့်အရေးအဖွဲ့အစည်းတစ်ရပ်ဖြစ်သော Fortify Rights သည် ဗမာစစ်တပ်ခေါင်းဆောင်များ၏ လုပ်ရပ်များဖြစ်သော လူမျိုးတုံးသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများအား ဂျာမနီနိုင်ငံအတွင်းရှိ တရားရုံးတစ်ခုဆီသို့တင်ပြကာ ထိထိရောက်ရောက်အရေးယူပေးရန် တောင်းဆိုခဲ့သည်။ ထို့အပြင် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းတွင် အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဗြိတိန်နှင့် ဩစတြေးလျ စသည့်နိုင်ငံများမှ အစိုးရများသည် ဗမာစစ်တပ်ထံသို့ ကျည်ဆံများနှင့် စစ်လက်နက်ပစ္စည်းကိရိယာရောင်းဝယ်နေသည့် ကုမ္ပဏီသုံးခု၏ စီးပွားရေးလုပ်ငန်းများကို ဒဏ်ခတ်ပိတ်ဆို့ခဲ့သည်။ ထို့နည်းအတူ မတ်လအတွင်းတွင်လည်း ယူကေအစိုးရသည် ဗမာစစ်တပ်သို့ လေယာဉ်လောင်စာဆီရောင်းချမှုမှ အကျိုးအမြတ်အတွက် Shoon Energy PTE Limited ၏ အဖွဲ့ဝင်များဖြစ်သည့် လူပုဂ္ဂိုလ်နှစ်ဦးနှင့် ကုမ္ပဏီတစ်ခုအား ပိတ်ဆို့အရေးယူမှုများ ချမှတ်ခဲ့သည်။ ဒဏ်ခတ်ပိတ်ဆို့မှုကို ရင်ဆိုင်နေရသော ပုဂ္ဂိုလ်များအနက် တစ်ဦးဖြစ်သည့် မခင်ဖြူဝင်းသည် Shoon Energy PTE Limited ၏ လက်ရှိဒါရိုက်တာနှင့် ရှယ်ယာရှင်တစ်ဦးဖြစ်သည်။ ဒဏ် ခတ်အရေးယူခံထားရသည့် အခြားသူတစ်ဦးဖြစ်သည့် ထွန်းမင်းလတ်သည်လည်း ဗမာစစ်တပ်နှင့် နီးကပ်စွာဆက်ဆံရေးရှိပြီး ဗမာစစ်တပ်အတွက် လက်နက်ရောင်းဝယ်သူလည်းဖြစ်သည်။ ထို့ပြင်မက ဇူလိုင်လအတွင်းတွင် ဥရောပသမဂ္ဂနိုင်ငံများမှ အစိုးရများသည် ဗမာစစ်တပ်များ၏ စီးပွားရေးလုပ်ငန်းများနှင့် တာဝန်ရှိသူများအား တင်သွင်းတင်ပို့မှုများကို ဆက်လက်မပြုလုပ်တော့ရန် အစီအစဉ်များ ချမှတ်ခဲ့သည်။ ဥရောပသမဂ္ဂနိုင်ငံမှ ကြေညာခဲ့သော ပိတ်ဆို့မှုအသစ်တစ်ရပ်သည် ဗမာစစ်တပ်အနေဖြင့် လေယာဉ်လောင်စာဆီရရှိရန် ပိုမိုခက်ခဲလာစေရန် ရည်ရွယ်ခဲ့သည်။ ဤလုပ်ဆောင်ချက်များသည် ကရင်လူ့အခွင့် အရေးအဖွဲ့ (KHRG)နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ စည်းရုံးလှုံ့ ဆော်မှုကြောင့် နိုင်ငံတကာအဖွဲ့အစည်းများမှ အစိုးရအသီးသီးသည် ပြည်သူလူထု၊ ရွာသူရွာသားများအပေါ် ပစ်မှတ်ထားပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်နေသည့် ဗမာစစ်တပ်၏ စွမ်းရည်များ အဘက်ဘက်မှကျဆင်းလာစေရန် ကိုင်တွယ်ဆောင်ရွက်နေလျက်ရှိကြောင်း တွေ့ရှိရသည်။





# ကရင်ပြည်နယ်အတွင်းရှိ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ

ဗမာစစ်တပ်မှ အာဏာသိမ်းပြီးနောက် ၂၀၂၃ ခုနှစ် ဧပြီလ မှ ဩဂုတ်လအထိ ဒေသခံရွာသားများ ရင်ဆိုင်နေရသော အကြပ်အတည်းများထဲမှတစ်ခုမှာ ပညာရေးအခက်အခဲဖြစ်ပါသည်။ ဤသတင်းလွှာသည် ၂၀၂၃ ခုနှစ် ဧပြီလမှ ဩဂုတ်လအထိ ခလယ်လွိုထူခရိုင်၊ မြိတ်-ထားဝယ်ခရိုင်၊ မူတြော်ခရိုင်နှင့် ဒူးပလာယာခရိုင်များဖြစ်သည့် ခရိုင် ၄ ခရိုင်အတွင်းရှိ ပညာရေးအခြေအနေများကိုဖော်ပြသွားပါမည်။ နိုင်ငံရေးနှင့် စစ်ရေးမငြိမ်သက်မှု၊ ဗမာစစ်တပ်၏ စစ်ရေးတိုးချဲ့လုပ်ဆောင်မှုနှင့် လေကြောင်းတိုက်ခိုက်မှုများကြောင့် ကျောင်းအဆောက်အဦးနှင့် ပစ္စည်းဥစ္စာများစွာ ပျက်စီးဆုံးရှုံးခဲ့ရပြီး ရွာသားများသည်လည်း ထွက်ပြေးတိမ်းရှောင်ကြရကာ ကျောင်းများလည်းပိတ်ခဲ့ရပါသည်။

## ခလယ်လွိုထူ (ညောင်လေးပင်) ခရိုင်

ခလယ်လွိုထူခရိုင်အတွင်းတွင် ဗမာစစ်တပ်အာဏာသိမ်းပြီးချိန်မှစ၍ ကျောင်းများစပိတ်ခဲ့ရပြီး ၂၀၂၃ ခုနှစ်၊ ဩဂုတ်လအထိ ကျောင်းများဆက်ပိတ်ထားရပါသည်။ အစိုးရကျောင်းမှ ဆရာ/ဆရာမများသည် စစ်အုပ်ချုပ်မှုကို မလိုလားကြသောကြောင့် အာဏာဖီဆန်ရေး ပြည်သူ့လှုပ်ရှားမှု(CDM) တွင်ပါဝင်ခဲ့ကြပြီး ဒေသခံရွာသားအချို့မှာလည်း ထွက်ပြေးတိမ်းရှောင်နေရသောကြောင့် ကျောင်းသားများသည်လည်း ကျောင်မတက်နိုင်ကြတော့ပါ။

ခလယ်လွိုထူခရိုင်၊ လယ်ဒိုမြို့နယ်အတွင်းရှိ ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန (KECD) ကျောင်းများသည် ၂၀၂၃ ခုနှစ်၊ မေလ ၂၅ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်မည်ဟုမျှော်မှန်းခဲ့ကြသည်။ ဤကဲ့သို့ ကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် ကျောင်းအသုံးဆောင်ပစ္စည်း၊ ပုံနှိပ်စာအုပ်နှင့် မှတ်စုစာအုပ်မလုံလောက်ခြင်းများ ဒေသတွင်းလုံခြုံမှုမရှိခြင်းနှင့် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများနှင့် ရင်ဆိုင်ကြရပါသည်။ ထို့အပြင် ဒေသအတွင်း ဗမာစစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် ကျောင်းသားမိဘများသည်လည်း ၎င်းတို့၏သားသမီးများအတွက် စိုးရိမ်နေရပြီး ကျောင်းပြန်မတက်စေချင်သေးပါ။ တစ်ချိန်တည်းတွင် မူးမြို့နယ်ရှိ ကျောင်းသားမိဘအချို့သည် ၎င်းတို့သားသမီးများကျောင်းပြန်တက်နိုင်ရန်အတွက် KECD ကျောင်းများတွင် ပြန်ထားသည်များလည်းရှိပါသည်။

## မြိတ်-ထားဝယ် ခရိုင်

ထိုနည်းတူစွာ မြိတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်ရှိ ကျောင်းအချို့သည်လည်း ပိတ်ထားရပါသည်။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) များသည် ဒေသအတွင်းရှိအစိုးရကျောင်းများ အကုန်ပိတ်ပစ်ရန်နှင့် မလိုက်နာပါက အရေးယူမည်ဟုသတိပေးကြေညာခဲ့ပါသည်။ ဤသတိပေးစာသည် ကစယ်ဒိုမြို့နယ်၊ ကလဲမူထော်ဒေသ၊ ပေတခပ်ရွာ၊ ပေတခပ်ကျောင်းကိုသာ သတိပေးခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ပိတခရွာသားများနှင့် ကျောင်းဆရာ/ဆရာမများသည် ကျောင်းကိုဆက်လက်မဖွင့်လှစ်ရဲတော့ပါ။

## မူတြော်ခရိုင်

လူသောမြို့နယ်ရှိ KECD ကျောင်းများသည် တစ်နှစ်စာလည်ပတ်နိုင်ရန် ကျောင်းပစ္စည်းနှင့် စာအုပ်များအလုံအလောက်ရှိကြပါသည်။ ထို့အပြင် KECD မှ ကျောင်းဆရာ/ဆရာမများကို တစ်နှစ်လျှင် ဘတ်ငွေ ၁၀၀၀၀ ပံ့ပိုးပေးပါသည်။ သို့သော်လည်း ဤငွေကြေးထောက်ပံ့မှုများသည် ဆရာ/ဆရာမများ၏ စားဝတ်နေရေးအတွက် လုံလောက်မှုမရှိသောကြောင့် ကျောင်းဆရာ/ဆရာမများသည် စားဝတ်နေရေးအကြပ်အတည်းများ ရင်ဆိုင်ကြရပါသည်။ ထို့ကြောင့် ဆရာ/ဆရာမအချို့သည် ၎င်းတို့၏စားဝတ်နေရေးအတွက် ကျောင်းတွင်စာသင်ရသည့်အပြင် တောင်ယာနှင့်လယ်ယာများလည်း လုပ်ဆောင်ရသောကြောင့် လုပ်ဆောင်လိုသူနည်းပါးပြီး ဒေသခံရွာသားများမှ စာသင်မည့်ဆရာ/ဆရာမများ ရွေးချယ်ခန့်အပ်ရန် အခက်အခဲဖြစ်စေပါသည်။

## ဒူးပလာယာခရိုင်

စစ်အာဏာသိမ်းပြီးသည့်အချိန်မှစ၍ ၂၀၂၃ ခုနှစ်ဩဂုတ်လအထိ လက်နက်ကိုင်တိုက်ပွဲများ ဆက်တိုက်ဖြစ်ပွားနေသောကြောင့် ထွက်ပြေးတိမ်းရှောင်နေရသည့် ဒေသခံရွာသားများစွာရှိပါသည်။ ထို့ကြောင့် ကျောင်းများဆက်လက်ဖွင့်လှစ်ရန်အတွက် အလွန်ခက်ခဲပြီး ကျောင်းမတက်နိုင်သည့်ကျောင်းသားများစွာရှိနေပါသည်။ ဥပမာအားဖြင့် ဒေါနတောင်အရှေ့ဘက်ရှိ ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်

အတွင်းတွင် ကျောင်းများဆက်လက်ဖွင့်လှစ်ရန် အခက်အခဲများစွာရင်ဆိုင်နေရသောကြောင့် နို့ဖိုးကျေးရွာအုပ်စု၊ ဖလူးကျေးရွာအုပ်စု၊ သေဘောဘိုးကျေးရွာအုပ်စုနှင့် စုကလီးကျေးရွာအုပ်စု အတွင်းရှိကျောင်းများပိတ်ထားရသည်မှာ နှစ်နှင့်ချီပြီးဖြစ်ပါသည်။ စုကလီးကျေးရွာအုပ်စု အတွင်းပိတ်ထားရသည့်ကျောင်းများမှာ အူးကရေထကျောင်း၊ သေ့ဘောဘိုးအုပ်စုအတွင်း ပိတ်ထားရသည့်ကျောင်းများမှာ လေးဝေါ်မူလတန်းကျောင်း၊ ဘလယ်ဒိုကျောင်း၊ ဝါးမီထကျောင်းနှင့် ရွာသစ်ကျောင်း၊ ဖလူးကျေးရွာအုပ်စုအတွင်း ပိတ်ထားရသည့်ကျောင်းများမှာ ဖလူးကလေး၊ ဖလူးကြီး၊ တလအေးသိ၊ ထီးမယ်ဝါးခီးနှင့် မောထိုတလေး ကျောင်းများဖြစ်ကြပါသည်။ ဤကျောင်းများသည် ၂၀၂၁ ခုနှစ်ကတည်းက ပိတ်ထားရပါသည်။ ကျုံဒိုးနှင့် ကော်တရိမြို့နယ်အတွင်း ရှိရွာသားများမှ အစိုးရကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် လုံခြုံမှုမရှိခြင်း၊ တိုက်ပွဲများမကြာခဏဖြစ်ခြင်းများအပြင် ဒေသခံများမှ စစ်အုပ်ချုပ်မှုလက်အောက်ရှိ ကျောင်းများကိုမလိုလားသောကြောင့် ကျောင်းများကိုဖွင့်လှစ်နိုင်ခြင်းမရှိကြောင်းတင်ပြကြပါသည်။ ထိုနည်းတူစွာပင် နို့တကောမြို့နယ်အတွင်းရှိရွာသားများမှ အချို့ရွာများတွင် အစိုးရကျောင်းများကို ပြန်လည်ဖွင့်လှစ်ရန် စစ်ကောင်စီ၏ ဖိအားပေးခြိမ်းခြောက်မှုများလည်းရှိပါသည်။ ဥပမာအားဖြင့် ၂၀၂၃ ခုနှစ်အတွင်းတွင် တပ်မ-၂၂ နှင့် ခြေလျင်တပ်ရင်း ၅၅၇ တို့မှ တကေးကျေးရွာသို့ ဝင်ရောက်ပြီး အစိုးရကျောင်းဖွင့်ရန်နှင့် ကျောင်းအတွင်းစာသင်ရန် ခိုင်းစေသောကြောင့် ကျောင်းသားများနှင့် ဆရာ/ဆရာမများအတွက် စိုးရိမ်စရာဖြစ်စေပါသည်။ ထို့ကြောင့် ဒေသခံခေါင်းဆောင်များမှ ကျောင်း သားများ၏အိမ်တွင် စာသင်ရန် ပြန်လည်စီစဉ်ပေးခဲ့ပါသည်။ တကေးကျောင်းသည် ၁၀ တန်းအထိရှိပြီး ကျောင်းသားဦးရေ ၂၀၀ ကျော်ခန့်ရှိပါသည်။ ဗမာစစ်တပ်မှ အစိုးရကျောင်းမဖွင့်ပါက ရွာအတွင်းကျောင်းမရှိဟူ၍ သတ်မှတ်မည်ဟု ဆိုခဲ့ပါသည်။ ထို့အပြင် ဗမာစစ်တပ်စစ်သားများမှ ကျောက်သင်ပုန်းပေါ်တွင် **"ပီတီအက်(ဖ်) ခေအန်ယူအားကိုးသူ တိုက်ထုတ်မည်"** ဟုရွာသားများကို ခြိမ်းခြောက်ရေးထားခဲ့ပါသည်။ လက်နက်ကိုင်တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသောကြောင့် ဒေသအတွင်းရှိ KECD ကျောင်းများသည်လည်း မလည်ပတ်ရဲကြသေးပါ။ ဥပမာအားဖြင့် ကော်တရိမြို့နယ် ကေ့ခွဲကျေးရွာအုပ်စုနှင့် မောင်းမကျေးရွာအုပ်စုအတွင်းတွင် တိုက်ပွဲဖြစ်ပွားမှုနှင့် ဗမာစစ်တပ်၏ လက်နက်ကြီးပစ်ခတ်မှုများ မကြာခဏဖြစ်ပွားသောကြောင့် ကျောင်းများကိုမဖွင့်ရဲကြသေးပါ။

ထို့ကြောင့် ဒူးပလာယာခရိုင်အတွင်းရှိ ကလေးငယ်များနှင့် လူငယ်များသည် ဆက်လက်ပညာသင်ယူနိုင်ရန်အတွက် KNU အုပ်ချုပ်နယ်မြေအတွင်းဖွင့်လှစ်ထားသည့် KECD ကျောင်းများတွင်သာ တက်ရောက်ကြရပါသည်။ သို့သော်လည်း ဤကျောင်းများရှိ ကျောင်းသားများနှင့် ဆရာ/ဆရာမများသည် စိုးရိမ်မှုများဖြင့်သာ ကျောင်းတက် နေရပြီး ကျောင်းများတွင်လည်း ကျောင်းပစ္စည်းများ လုံလောက်မှုမရှိပါ။ အချို့ကလေးငယ်များနှင့် လူငယ်များသည် ပညာသင်ယူနိုင်ရန်အတွက် နယ်စပ်ဒေသ သို့မဟုတ် ဒုက္ခသည်ကျောင်းများတွင် သွားရောက်သင်ယူရပါသည်။ အချို့ရွာများတွင် ဒေသခံခေါင်းဆောင်များ၏အစီအစဉ်ဖြင့် ကိုယ်ထူကိုယ်ထကျောင်းများကို မူလတန်းအဆင့် သို့မဟုတ် အထက်တန်းအဆင့်အထိ ဖွင့်လှစ်ခဲ့ကြပါသည်။ ဥပမာ ကော်တရိမြို့နယ်၊ ကျော်ထအုပ်စု၊ ကျော်ထရွာတွင် ကိုယ်ထူကိုယ်ထကျောင်းကို အထက်တန်းအထိဖွင့်လှစ်ခဲ့ပြီး ဒေသအတွင်းရှိ ကျောင်းဆရာ/ဆရာမများကို ရှာဖွေခန့်အပ်ပြီး အခြားသောလိုအပ်ချက်များကိုလည်း အပြန်အလှန်ကူညီထောက်ပံ့ကြပါသည်။ သို့သော်လည်း အချို့သော ကိုယ်ထူကိုယ်ထကျောင်းကိုလည်ပတ်နိုင်ရန်အတွက်မှာမူ အခက်အခဲများစွာရှိပြီး နို့တကောမြို့နယ်အတွင်းတွင် ကျောင်းဆရာ၊ ဆရာမများကိုကူညီနိုင်ရန်ခက်ခဲသောကြောင့် အချို့ရွာသားများမှ ကျောင်းအသုံးအဆောင်ပစ္စည်းမလုံလောက်မှု၊ ဆရာ/ဆရာမ ရှာဖွေရန်ခက်ခဲမှုကဲ့သို့သော အခက်အခဲများရှိကြောင်းကို တင်ပြကြပါသည်။ ထွက်ပြေးတိမ်းရှောင်ရာနေရာများဖြစ်သည့် ကော်တရိမြို့နယ်၊ ထိုဝါလော်အုပ်စု၊ ဘောနယ်ထရွာတွင် ထွက်ပြေးတိမ်းရှောင်နေရသူ အိမ်ထောင် ၁၇၀ ခန့်ရှိပြီး ကလေးငယ် တစ်ရာကျော်ခန့်ရှိပါသည်။ ၎င်းတို့မှ အခြားနေရာများတွင်သွားရောက်ပြီး ကျောင်းတက်ရန် အခက်အခဲရှိသောကြောင့် ဒေသခံခေါင်းဆောင်များမှ ၎င်းတို့အတွက် ၄ တန်းအထိရှိသည့် ယာယီကျောင်းတစ်ဆောင်ကို ဆောက်ပေးခဲ့ပါသည်။

ကျောင်းတက်ရန်အခွင့်အလမ်းမရှိသည့် ကလေးငယ်များနှင့် လူငယ်များစွာရှိနေပြီး ပညာရေးကို တစ်နှစ်ပြီးတစ်နှစ်ဆုံးရှုံးရကာ ပညာသင်လိုစိတ်မရှိတော့သောကြောင့် လုပ်ငန်းခွင်အတွင်းသို့ ဝင်ရောက်သူများလည်းရှိပါသည်။

## ကျန်းမာရေးပြုစုစောင့်ရှောက်မှု

ဗမာစစ်တပ်အာဏာသိမ်းပြီးနောက် ကရင်ပြည်နယ်အတွင်း နိုင်ငံရေးအခြေအနေသည် တည်ငြိမ်အေးချမ်းမှုမရှိဘဲ လက်နက်ကိုင်ပဋိပက္ခများသည်လည်း တိုးသထက်တိုးပွားလာခဲ့လေသည်။ ထို့ကြောင့် ၂၀၂၃ ခုနှစ်၊ ဧပြီလမှ ဩဂုတ်လအတွင်းတွင် ကရင်ပြည်နယ်ရှိ ပြည်သူလူထုများ အခက်အခဲမျိုးစုံ ရင်ဆိုင်ကြုံတွေ့နေရပြီး ကျန်းမာရေးဆိုင်ရာပြဿနာလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ဤသတင်းလွှာတွင် ခလယ်လွိထူ (ညောင်လေးပင်) ခရိုင်၊ မူတြော် (ဖာပွန်) ခရိုင်၊ နှင့် ဒူးပလာယာခရိုင်တို့အတွင်း ကျန်းမာရေးနှင့် သက်ဆိုင်သော ပြဿနာများနှင့် အခြေအနေများကို ရေးသားဖော်ပြသွားမည်ဖြစ်သည်။ ဤသို့ မတည်ငြိမ်သော နိုင်ငံရေးနှင့် ရပ်ရွာဆိုင်ရာအခြေအနေများနှင့် တိုးပွားလာသော လက်နက်ကိုင်ပဋိပက္ခများကြောင့် ထွက်ပြေး တိမ်းရှောင်နေရသော ရွာသားများသည် သွားရေးလာရေးအခက်အခဲများနှင့် ကြုံတွေ့နေခဲ့ရကာ ကျန်းမာရေးဆိုင်ရာ ကုသစောင့်ရှောက်မှုများ ရရှိနိုင်ရန်လည်း ခက်ခဲလှပါသည်။ ရွာသားများအကြား အဖြစ်များသော ရောဂါများတွင် ငှက်ဖျားရောဂါ၊ အအေးမိတုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှောနှင့် အော့အန်ခြင်းတို့ဖြစ်သည်။ အချို့သော ရပ်ရွာများတွင် ဆေးပေးခန်းများရှိသော်ငြားလည်း ဆေးကုသမှုခံယူရန် ဆေးဝါးများ အလုံအလောက် မရရှိနိုင်ပါ။

## ခလယ်လွိထူ (ညောင်လေးပင်) ခရိုင်

ခလယ်လွိထူ (ညောင်လေးပင်) ခရိုင်၊ လယ်ဒိုမြို့နယ်အတွင်းရှိဒေသခံရွာသားများသည် မတ်လမှ ဇွန်လ အတွင်းတွင် ငှက်ဖျားရောဂါကဲ့သို့သော ရောဂါများ ၎င်းတို့ဒေသအတွင်း တိုးပွားလာခဲ့သည်ကို ဖော်ပြခဲ့ပါသည်။ ဤသို့ တိုးပွားလာရမှုအပေါ် ဒေသခံဆေးဝန်ထမ်းတစ်ဦးက **"ကျွန်မတို့မှာ ငှက်ဖျားရောဂါတွေကို ကုသဖို့အတွက် ဆေးက**

**လုံလုံလောက်လောက်မရှိဘူး။ ပြီးတော့ ကျွန်မတို့ ဆေးသွားဝယ်ဖို့က မလွယ်ပြန်ဘူး၊ ဗမာစစ်သားတွေ ကျွန်မတို့ ဆေးဝယ်တာတွေကိုတွေ့ ရင် ကျွန်မတို့အတွက် အခက်အခဲရှိလာနိုင်တယ်။”** ဟု ပြောလာခဲ့ပါသည်။ ထို့အပြင် ဗမာစစ်တပ်တပ်သားများ၏ စစ်ရေးလှုပ်ရှားမှုများ တိုးပွားလာပြီး၊ ဒေသအတွင်း ဘေးကင်းလုံခြုံမှုမရှိသဖြင့် ဆေးဝါးများ သွားရောက်ဝယ်ယူရန် ခက်ခဲလှပါသည်။ စစ်ကောင်စီတပ်သားများသည် စစ်ဆေးရေးဂိတ်များ ချထားခဲ့ကာ ဆေးဝါးများသယ်ယူပို့ဆောင်ခွင့်ကိုလည်း တားမြစ်ခဲ့ပါသည်။ ထို့ကြောင့် ရွာသားများသည် ဆေးကုသမှုခံယူရန် ဆေးဝါးပစ္စည်းများ လုံလောက်မှုမရှိခြင်းများနှင့် ဒေသတိုင်းတွင် ဆေးဝန်ထမ်းများမရှိခြင်း စသည့်အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ ဤသို့သော အခြေအနေများကြောင့် ထွက်ပြေးတိမ်းရှောင်နေရသော ရွာသားများအနက် ကလေးသူငယ်၊ လူကြီးလူအို၊ ကိုယ်ဝန်သည်နှင့် မွေးကင်းစကလေးမိခင်များသည် ဆေးကုသမှုခံယူရရှိရန်နှင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများ ပိုမိုရင်ဆိုင်ကြုံတွေ့နေရပါသည်။

## မူတြော် (ဖာပွန်) ခရိုင်

မူတြော် (ဖာပွန်) ခရိုင်အတွင်းရှိ ဒေသခံရွာသားများအနေဖြင့် အအေးမိခြင်း၊ ငှက်ဖျားရောဂါ၊ ဝမ်းပျက်ဝမ်းလျှောနှင့် အော့အန်ခြင်း၊ ခြေဆစ်လက်ဆစ်နာခြင်း၊ အာဟာရချို့တဲ့ရောဂါများနှင့် အချို့သော ကိုယ်ဝန်ဆောင်မိခင်များ ကောင်းကောင်းမွန်မွန် မီးဖွားခွင့်မရရှိခြင်း စသည့် ကျန်းမာရေးအခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ မူတြော်ခရိုင်အတွင်းရှိ ဆေးပေးခန်းအများစုသည် နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားအဖွဲ့ (Backpack)ထံမှ ဆေးဝါးပစ္စည်းထောက်ပံ့မှုများ ရရှိခဲ့ကြသည်။ ဆေးဝါးများသည် ဒေသအတွင်း ရွာသူရွာသားများအတွက် လုံလောက်မှုမရှိသောကြောင့် အချို့သောရွာသားများသည် ဆေးကုသမှုခံယူရန် အခကြေးငွေပေးကြရသည်။ ထို့ကြောင့် ငွေကြေးပြဿနာရှိနေသော ရွာသားအချို့သည် ဆေးကုသမှုခံယူရန်အတွက် အခက်အခဲများကြုံတွေ့နေရပြီး အချို့လည်း အခြားရွာသားများထံ ဆေးဝါးဖိုးများချေးငှား၍ ဆေးကုသမှုခံယူကြရသည်။

## ဒူးပလာယာခရိုင်

ဒူးပလာယာခရိုင်အတွင်း ဒေသခံရွာသားများအနေဖြင့် ငှက်ဖျားရောဂါ၊ အအေးမိခြင်း၊ ဝမ်းပျက်ဝမ်းလျှောနှင့် သွေးတိုးခြင်းရောဂါများစသည့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများနှင့် ကြုံတွေ့နေရသည်။ လက်နက်ကိုင်ပဋိပက္ခများ၊ ထွက်ပြေးတိမ်းရှောင်ရမှု၊ ဘေးကင်းလုံခြုံမှုမရှိခြင်းနှင့် သွားလာရေးအခက်အခဲများရှိ နေခြင်းကြောင့် ရွာသားများသည် ဆေးဝါးပစ္စည်းများရယူရန်နှင့် ဆေးကုသမှုခံယူရန် ခက်ခဲလှပါသည်။ ကော်တရိမြို့နယ်အတွင်းတွင် ထိုလွီဝါး၊ ဘောနာထ၊ ကောမနော်နှင့် သေ့ဘောဘိုး စသည့် ဘေးကင်းရာနေရာများနှင့် နယ်စပ်ဒေသများအတွင်းသို့ သွားရောက်တိမ်းရှောင်ခိုလှုံကြရသော ကလေးသူငယ်၊ လူကြီးလူအို၊ ကိုယ်ဝန်သည်နှင့် မွေးကင်းစကလေးမိခင်များသည် ဘေးဥပါဒ်ရောဂါများနှင့် ဆေးကုသမှုဆိုင်ရာ အခက်အခဲများကို ရင်ဆိုင်ကြုံတွေ့နေရပါသည်။

၎င်းတို့ သွားရောက်တိမ်းရှောင်နေကြသော ဒေသများတွင် လူဦးရေအလွန်များသဖြင့် တကိုယ်ရေသုံး သန့်ရှင်းရေးပစ္စည်းများနှင့် အခြားသုံးပစ္စည်းများသည် လုံလောက်မှုမရှိသောကြောင့် ကူးစက်နိုင်သည့်ရောဂါများဖြစ်သည့် အထူးအဖြင့် ငှက်ဖျားရောဂါ၊ ဝမ်းပျက်ဝမ်းလျှောနှင့် အော့အန်ခြင်းတို့ အဖြစ်များသည်။ ထို့အပြင် ကိုယ်ဝန်ဆောင်သည်များသည် ဆေးရုံသို့ သွားရောက်သားဖွားရန် မလွယ်ကူသဖြင့် တိမ်းရှောင်နေရသောနေရာတွင်ပင် ခက်ခက်ခဲခဲ မီးဖွားကြရပါသည်။

ကော်တရိမြို့နယ်၊ နို့ဖိုးကျေးရွာအုပ်စုအတွင်းရှိ သဘာလုခီး၊ ဘားထ၊ မယ်ကနဲ၊ ထီးမူးထနှင့် နို့ဖိုးကျေးရွာတို့မှ ရွာသားများသည် သွားရေးလာရေးခက်ခဲသဖြင့် မြို့အတွင်းဆေးရုံသို့ သွားရောက်ဆေးကုသမှုခံယူရန်လည်း ခက်ခဲလှပါသည်။ ရပ်ရွာအတွင်းရှိ ဆေးပေးခန်းများအတွက် ဆေးဝါးပစ္စည်းများသယ်ယူပို့ဆောင်ရန် မလွယ်ကူသဖြင့် ဆေးဝါးများ လုံလုံလောက်လောက် မရရှိနိုင်ပါ။ ဝင်းရေးမြို့နယ်၊ ထီးဖာထောကျေးရွာအုပ်စုအတွင်းရှိ ကျောက်မဲကျေးရွာနှင့် လေးနော်ကျေးရွာအုပ်စုအတွင်းရှိ -ကြယ်ချောင်းကျေးရွာတို့မှ ရွာသားများသည် ဒေသခံဆေးပေးခန်းများတွင် ဆေးဆရာများမရှိသဖြင့် လမ်းမကြီးနှင့်ဝေးနေသော ရွာသားအချို့သည် ကျန်းမားရေးအခက် အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ရံဖန်ရံခါ ဒေသအတွင်း ဒေသအဆင့်မဟုတ်သော အရေးပေါ်ကျန်းမာရေးအခြေအနေနှင့် ကြုံ တွေ့နေရချိန်တွင် ဆေးကုသမှုသွားရောက်ကုသရန်အတွက် မော်တော်ယာဉ်မရှိကြသကဲ့သို့ ဆေးဖိုးဝါးခများလည်း မတတ်နိုင်ကြပေ။ အချို့ရွာ သားများက ၎င်းတို့ အစိုးရဆေးရုံသို့ ဆေးကုသမှု သွားရောက်ခံယူနေချိန်တွင် ငွေကြေးမလုံလောက်သောကြောင့် ဆေးဆရာများသည် ၎င်းတို့ကို ပြည့်ပြည့်စုံစုံ ပြုစုစောင့်ရှောက်မှုမလုပ်ကြဘဲ ကောင်းမွန်စွာ မဆက်ဆံပေးကြပါ။ ထို့ကြောင့် ဒေသခံရွာသားများသည် ဆေးကုသရန်အတွက် ၎င်းတို့ဒေသအတွင်းရှိ သဘာဝဆေးဖက်ဝင်အပင်များကိုသာ မှီခိုသုံးစွဲကြရပါသည်။



# ဗမာစစ်တပ်မှ အရပ်သားများအား သတ်ဖြတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ မတရားဖမ်းဆီးချုပ်နှောင်ခြင်းနှင့် ခြိမ်းခြောက်ခြင်းများ

၂၀၂၃ ခုနှစ်၊ ဧပြီလမှ ဩဂုတ်လအတွင်း ကရင်လူ့အခွင့်အရေး အဖွဲ့(KHRG)မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) နှင့် နယ်ခြား စောင့်တပ် (BGF) အပါအဝင် အခြားသော လက်နက်ကိုင်တပ်ဖွဲ့များ ဖြစ်သည့် ကော်သူးလေအာမီ (KTLA) နှင့် ပြည်သူ့ကာကွယ်ရေးတပ် (PDF)များမှ ကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှုများကို လက်ခံ ရရှိခဲ့ပါသည်။ ၎င်းတို့ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ ထဲတွင် ဒေသခံရွာသားများအား ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးခြင်း၊ ညှဉ်း ပန်းနှိပ်စက်ခြင်းနှင့် သတ်ဖြတ်ခြင်းများပါဝင်ပါသည်။ ဤကဲ့သို့သော ကျူးလွန်မှုများသည် ကရင်အမျိုးသားအစည်းအရုံး (KNU) အုပ်ချုပ် သည့် ခရိုင်များဖြစ်သည့် သထုံ(ဒူးသထူ)ခရိုင်၊ တောအူး(တောင်ငူ) ခရိုင်၊ ခလယ်လွီထူ(ညောင်လေးပင်)ခရိုင်၊ မြိတ်-ထားဝယ် (ဘိတ်-ထားဝယ်)ခရိုင်၊ ဒူးပလာယာခရိုင်နှင့် ဖားအံ(ဘားအံ)ခရိုင်တို့တွင် ဖြစ် ပွားခဲ့ပါသည်။ SAC နှင့် လက်နက်ကိုင်တပ်ဖွဲ့ဝင်များမှကျူးလွန်သော လူ့အ ခွင့်အရေးချိုးဖောက်ကျူးလွန်မှုများနှင့်ပတ်သက်ပြီး ကျူးလွန် ခံရသည့် ဒေသခံရွာသားများနှင့် မိသားစုဝင်များမှ ကြောက်ရွံ့စိုးရိမ်မှု များနှင့် ၎င်းတို့၏ အမြင်သဘောထားများကို ဖော်ပြထားပါသည်။

### တုန်လှုပ်ခြောက်ခြားမှု ရင်ဆိုင်ခံစားရသော ဒေသခံရွာသားများ

ဗမာစစ်တပ်စစ်သားများသည် ပုံမှန်အားဖြင့် စစ်ကြောင်းထိုး စဉ်တွင် ကျေးရွာထဲသို့ဝင်ရောက်ပြီး ရွာသားများအား ခြိမ်းခြောက်ခြင်း များ ပြုလုပ်လျက်ရှိပါသည်။ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့တွင် မြိတ်-ထား ဝယ်ခရိုင်၊ လယ်ကဆောမြို့နယ်၊ ခန---ကျေးရွာတွင် ဝင်ထွက် သွားလာလျက်ရှိသော ဗမာစစ်တပ် စစ်သားများသည် ရွာသားများအား နှုတ်ဖြင့်ခြိမ်း ခြောက်ခြင်းနှင့် အမျိုးသမီးများကို သေနတ်ဖြင့်ချိန်ရွယ် ခြိမ်းခြောက်ခြင်းများကြောင့် ရွာသားများအနေဖြင့် ၎င်းတို့၏ကျေးရွာ တွင် မနေရဲတော့ပဲ တောထဲနှင့်မြို့ပေါ်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရ ပါသည်။ အချို့သောရွာသားများသည် ၎င်းတို့၏ကျေးရွာထဲသို့ ပြန် ရောက်နေထိုင်ကြသော်လည်း ဗမာစစ်တပ် စစ်သားများမှ ရွာထဲသို့ အ မြဲတစေ ဝင်ထွက်သွားလာမည်ကို အမြဲကြောက်ရွံ့နေကြရပါသည်။

ထို့နည်းတူ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့ မနက် ၇း၃၀ အချိန်ခန့်တွင်လည်း ဗမာစစ်တပ်၏ စစ်သားများသည် စစ်ယူနီဖောင်း ဝတ်ဆင်ထားခြင်းမရှိပဲ ခလယ်လွီထူခရိုင်၊ လယ်ဒိုမြို့နယ်၊ သေ့ဝေါဒဲ ကျေးရွာ အုပ်စု၊ ခဖ---ကျေးရွာသို့ ဝင်ရောက်သွားခဲ့ပါသည်။ ဗမာ စစ်တပ်စစ်သားများ ကျေးရွာထဲသို့ဝင်ရောက်လာသည့်အချိန်တွင် ရွာသားအချို့သည် ၎င်းတို့ကျေးရွာမှ ထွက်ပြေးတိမ်းရှောင်နိုင်ခဲ့ကြပြီး အချို့သောရွာသားများသည် ထွက်ပြေးတိမ်းရှောင်နိုင်ခြင်း မရှိခဲ့ပါ။ ထို့ကြောင့် ဗမာစစ်တပ်စစ်သားများမှ ထွက်ပြေးတိမ်းရှောင်နိုင်ခြင်းမ ရှိသည့် ရွာသားများအားဖမ်းဆီးခဲ့ပြီး ထွက်ပြေးမည်ဆိုပါက ပစ်သတ် မည်ဟု ခြိမ်းခြောက်ကြပါသည်။ ထိုနေ့မနက် (၉း၀၀)နာရီတွင် ခဖ--- ကျေးရွာသို့ ဆိုက်ကယ်ဖြင့်ပြန် လည်ဝင်ရောက်လာသော ခဖ--- ရွာသား(၂)ဦးကို ဗမာစစ်တပ်မှ K3M ဖြင့် ဆယ်ချက်ကျော်ပစ်ခတ်ခဲ့ ကြပြီး ထိုရွာသား(၂) ဦးမှာ လွတ်မြောက်သွားခဲ့သော်လည်း ၎င်းတို့၏ ဆိုင်ကယ်နှစ်စီးကိုမူ မီးရှို့ခဲ့ပါသည်။ ထိုကဲ့သို့သောဖြစ်စဉ်ဖြစ်ပွားပြီး သည့်နောက် ရွာသားများသည် ပို၍ကြောက်ရွံ့နေကြရပါ သည်။

### အကြောင်းမဲ့ဖမ်းဆီးခံရခြင်းမှ ပေါ်ပေါက်လာသော ကြောက်ရွံ့မှုများ

**“အရင်တုန်းကဆို ဗမာစစ်တပ်လာရင် သူတို့လမ်းမှာ သေနတ်ကို ရမ်း သမ်းပစ်ပေမဲ့ မပြေးရဘူး။ ခုတစ်ခါ သူတို့ရွာထဲကိုရောက်လာတော့ တွေ့တဲ့သူတွေကို ဖမ်းသွားတယ်။ ပထမဆုံးရောက်လာတဲ့ တစ်ခေါက် မှာတော့ ရွာသားအယောက် (၅၀) ကိုဖမ်းထားတယ်။ မနက်မိုးလင်း ကနေဖမ်းပြီး နေ့လည်လောက်မှ ပြန်လွှတ်ပေးတယ်။ နေပူထဲမှာပဲ နေပူလှန်းထားတယ်၊ ရိုက်လည်းရိုက်တယ်။ လူလတ်ပိုင်းဆိုရင် ပိုရိုက် တယ်။ အသက်ကြီးတဲ့သူ တွေကို ထိခိုက်အောင်တော့မလုပ်ဘူး။ PDF တွေဝင်လာလားဆိုတာ မေးမေးပြီးရိုက်တယ်။”**

(မြိတ်-ထားဝယ်ခရိုင် ၊ ကစယ်ဒိုမြို့နယ်၊ ကလဲမူထီဒေသ၊ ခဘ--- ကျေးရွာနေ ရွာသားတစ်ဦး)

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ ဗမာစစ်တပ်အာဏာ သိမ်းပြီးသည့်နောက်ပိုင်း ဗမာစစ်တပ်သာမက အခြားသောလက်နက် ကိုင်အဖွဲ့အစည်းများမှာလည်း ဒေသခံရွာသားများကို အကြောင်းမဲ့ ဖမ်းဆီးခြင်း၊ ဖမ်းဆီးအစဖျောက်ပစ်ခြင်း၊ တစ်ဖက်လက်နက်ကိုင်အဖွဲ့ အစည်းများ၏ သတင်းပေးဟုစွပ်စွဲ၍ ဖမ်းဆီးခြင်းနှင့် လက်နက်ကိုင် တပ်ဖွဲ့ဝင်များနှင့် ပတ်သက်ဆက်နွယ်မှုရှိသည်ဟု စွပ်စွဲဖမ်းဆီးခြင်း များ ပိုမိုများပြားလာခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ဗမာစစ်တပ်စစ်သားများ သည် မြိတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်၊ ကလဲမူထီဒေသ၊ ခဘ-- - ကျေးရွာသို့ ဝင်ရောက်လာချိန်တွင် ဒေသခံပူးပေါင်းတပ်ဖွဲ့များနှင့် တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ ထို့အပြင် အဆိုပါတိုက်ပွဲဖြစ်ပွားသည့်နေ့ တွင် ဗမာစစ်တပ်စစ်သားများမှ ခဘ---ရွာသား တစ်ဦးကို ဖမ်းဆီးခဲ့ ပြီး ထိုဖမ်းဆီးခံရသည့် ရွာသား၏သတင်းနှင့်ပတ်သက်၍ နောက်ပိုင်း မသိရှိရတော့ပါ။ ထို့နေ့ တိုက်ပွဲဖြစ်ပွားသည့်အချိန်တွင် ဗမာစစ်တပ် စစ်သားများမှ ခဘ--- ကျေးရွာရှိ အမျိုးသား(၃)ဦးနှင့် အမျိုးသမီး(၂) ဦးကိုလည်း ဖမ်းဆီးခဲ့ပါသည်။ ဖမ်း ဆီးခံရသည့် အမျိုးသမီး (၂) ဦးနှင့် အမျိုးသား(၁)ဦးကို မိသားစုဝင်များမှ တစ်ဦးလျှင်(၅)သိန်းကျပ်ဖြင့် သွားရောက်ရွေးထုတ်ခဲ့ရပြီး အခြားသောအမျိုးသား(၂)ဦးကိုမူ ၎င်းတို့ နှင့်အတူ ဆက်လက်ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပါသည်။ ရွာသားများ သည် ဖမ်းဆီးခံရသည့်အခြားအမျိုးသား (၂) ဦးဖြစ်သည့် ဦးစ--- (၅၀) နှစ်ကျော် နှင့် ဦးဆ--- (၄၈) နှစ်တို့၏ နောက်ဆက်တွဲ အကြောင်းအရာ များနှင့်ပတ်သက်၍ နောက်ပိုင်းမသိရှိရတော့ပါ။ ၎င်းတို့အား မည်သည့်

SAC တပ်ရင်း၏ ဖမ်းဆီးခြင်းခံရသည်ကို မသိရှိရသော်လည်း ခဘ---ကျေးရွာသို့ရောက်လာသော ဗမာစစ်တပ် တပ်ရင်းများမှာ ခလရ အမှတ်(၄၀၃)၊ (၄၀၄) နှင့် (၄၀၅) များမှဖြစ်ကြောင်း ဒေသခံရွာသားများနှင့် ကစယ်ဒိုမြို့နယ်ခေါင်းဆောင်များက ပြောပြခဲ့ပါသည်။ ထို့ကြောင့် ဗမာစစ်တပ်နှင့် လက်နက်ကိုင်တပ်ဖွဲ့များအကြား တိုက်ပွဲဖြစ်ပွားပါက ရွာသားများသည် ဖမ်းဆီးခံရမည်ကို အမြဲတစေ ကြောက်ရွံ့နေကြရပါသည်။

ထို့နည်းတူ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင်လည်း သင်းအုပ်ဆရာတစ်ဦးဖြစ်သည့် စောဇ--- (၃၂) နှစ် သည် ၎င်း၏ဇနီးနေထိုင်သည့် လယ်ဒိုစိုးမြို့နယ်၊ ကမိုသွေးဒေသ၊ ခမ--- ကျေးရွာသို့ ဆိုင်ကယ်ဖြင့် ပြန်လာရာလမ်းတွင်ပျောက်ဆုံးသွားခဲ့ပါသည်။ ၎င်းအား မည်သည့်လက်နက်ကိုင်တပ်ဖွဲ့မှ ဖမ်းဆီးသွားသည်ကို အတိအကျ မသိရှိရသော်လည်း KTLA စစ်သားများမှ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင်ကစယ်ဒိုမြို့နယ်၊ ထီးခီး(ထီးမိုပွာဒေသ)နှင့် ဝေတာအယ် (ပေါ်ခလိုးဒေသ) တွင် ခရီးသွားလာရေးကို တားမြစ်ပိတ်ပင်ခဲ့ပါသည်။ ခရီးသွားလာရေး ပိတ်ပင်ခြင်းကြေညာချက်ကို မကြားသိရသဖြင့် မိသားစုဆီပြန်လာသော အဆိုပါ သင်းအုပ်ဆရာ ပျောက်ဆုံးသွားသည်ကို ကြားသိသည်နှင့် ဇနီးဖြစ်သူမှ အမျိုးသားဖြစ်သူအား ရှာဖွေခဲ့သော်လည်း ယခုအချိန်အထိ မတွေ့ရှိခဲ့ပါ။ ထို့ကြောင့် သူမအနေဖြင့် ကျန်နေသော ကလေးငယ်တစ်ဦးနှင့်အတူ ပူဆွေးသောကရောက်နေရပါသည်။

ဗမာစစ်တပ်မှ ရွာသားများကို အကြောင်းမဲ့ဖမ်းဆီးသည့်ဖြစ်ရပ်သည် လယ်မူလားမြို့နယ်၊ ပုလောဒေသ၊ ခယ--- ကျေးရွာတွင်နေထိုင်သည့် ဒေါ်ည--- (၃၂) နှစ်နှင့် တူဖြစ်သူ မောင်တ--- (၂၁) နှစ်တို့သည် ထမင်းမစားကျေးရွာတွင် သေဆုံးသွားသည့်ဖခင်ဖြစ်သူရှိသည့် လယ်မူလားမြို့နယ်၊ အော့ပုဒေသ၊ ခလ--- ရွာသို့သွားပြီး ပြန်လာစဉ် လယ်မူလားမြို့နယ်၊ အော့ပုဒေသ၊ ခလ--- ရွာရှိ ဗမာစစ်တပ်၏ စစ်ဆေးရေးဂိတ်တွင် ဖြစ်ပွားခဲ့ပါသည်။ ထို့နည်းတူ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့တွင်လည်း လယ်မူလားမြို့နယ်၊ အော့ပုဒေသ၊ ခဝ---ကျေးရွာမှ ရွာသား ၅ ဦး ပုလောမြို့တွင် ဈေးသွားဝယ်သည့် အချိန်တွင်ဖြစ်ပွားခဲ့ပါသည်။ ဗမာစစ်တပ်မှ စစ်ဆေးရေးဂိတ်တွင် ရွာသားများအား စစ်ဆေးမေးမြန်းခြင်းနှင့် ဖမ်းဆီးခြင်းတို့ကြောင့် ရွာသားများအနေဖြင့် ဈေးဝယ်ထွက်ရန်၊ ခရီးထွက်သွားလာရန်နှင့် အလုပ်သွားလုပ်ရန်အတွက် ကြောက်ရွံ့နေကြရပါသည်။

### ညှဉ်းပမ်းနှိပ်စက်ခြင်း

၂၀၂၃ ခုနှစ် ဧပြီလမှ ဩဂုတ်လအတွင်း KHRG မှ ဒေသခံရွာသားများအား ဗမာစစ်တပ်၏ညှဉ်းပမ်းနှိပ်စက်မှုနှင့်ပတ်သက်သည့် ဖြစ်ရပ်ကို ဒူးသထူခရိုင်တွင်(၁)ခု၊ ခလယ်လွိထူခရိုင်တွင်(၂) ခု၊ မြိတ်-ထားဝယ်ခရိုင်တွင် (၁) ခု၊ ဒူးပလာခရိုင်တွင် (၁) ခုနှင့် ဖားအံ ခရိုင်တွင် (၁)ခု မှ လက်ခံရရှိခဲ့ပါသည်။ သို့သော် ဗမာစစ်တပ်မှ ဒေသခံရွာသားများအား ညှဉ်းပမ်းနှိပ်စက်သည့် ဖြစ်ရပ်များသည် (၅) လတာကာလအတွင်း KHRG မှ လက်ခံရရှိသော ဖြစ်ရပ်(၆)ခုထက် ပိုမိုများနိုင်ပါသည်။ ဗမာစစ်တပ်များသည် ရွာသားများအား အခြားသောကျေးရွာများသို့သွားလည်ချိန်၊ ဈေးဝယ်ထွက်ချိန်နှင့် ဆေးရုံသို့သွားသည့်အချိန်များ၌ အကြောင်းမဲ့ဖမ်းဆီးညှဉ်းပမ်းနှိပ်စက်ခြင်းများ ပြုလုပ်ပါသည်။ အချို့သောအချိန်များ၌ ရွာသားများအား KNU သို့မဟုတ် PDF များနှင့် ဆက်နွယ်ပတ် သက်သည်ဟု စွပ်စွဲညှဉ်းပမ်းနှိပ်စက်ခြင်းများပြုလုပ်ကြပါသည်။

၂၀၂၃ ခုနှစ်၊ ဧပြီလ ၅ နှင့် ၆ ရက်နေ့တွင် KTLA စစ်သားများနှင့် ပူးပေါင်းတပ်ဖွဲ့ (၃၀) ဦးခန့်သည် ဖားအံခရိုင်၊ ခသ--- ကျေးရွာတွင် BGF ကိုတိုက်ခိုက်သည့်အချိန်တွင် BGF စစ်သား၏ဇနီးနှင့် အခြားသော သာမန်ရွာသားတစ်ဦးနှင့် ရွာသူကြီးတစ်ဦးကို ဖမ်းဆီးနှိပ်စက်ခဲ့ပါသည်။ KTLA ၏လက်မှ ပြန်လည်လွတ်မြောက်လာသည့် ခသ--- ကျေးရွာနေရွာသူတစ်ဦးမှ **"ကျမတို့ကို အမြဲတမ်းအနိုင်ကျင့်နေတာ၊ ကျမမခံနိုင်တော့ဘူး၊ တိုင်းပြည်နှင့်လူမျိုးအတွက်၊ ကရင်လူမျိုးအတွက် လုပ်တယ်ပြောပြီးတော့ ကရင်လူမျိုးအတွက်လုပ်နေတာမဟုတ်ဘူး။ ရွာသားတွေကို အနိုင်ကျင့်နေကြတာ။ ဓားပြထက်ပိုပြီးဆိုးနေတော့ သူတို့ကိုကြောက်ကုန်ပြီး။"** ဟုပြောခဲ့ပါသည်။ သူမအနေဖြင့် ဧပြီလ ၅ ရက်နေ့ သို့မဟုတ် ၆ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရပါသည်။ ၎င်းတို့အနေဖြင့် အခြားသောရွာသားစုစုပေါင်း(၁၀)ဦးနှင့်အတူ (၃)ရက်ကြာဖမ်းဆီးခံခဲ့ရပါသည်။ ခသ--- ကျေးရွာသူကြီးမှာလည်း KTLA နှင့်ပူးပေါင်းတပ်ဖွဲ့များ၏ ဖမ်းဆီးနှိပ်စက်ခြင်းကို ခံခဲ့ရကြောင်းပြောခဲ့ပါသည်။ ဤကဲ့သို့သော ဖမ်းဆီးခြင်းနှင့် ညှဉ်းပမ်းနှိပ်စက်ခြင်းတို့ကြောင့် ရွာသားများအနေဖြင့် ကျေးရွာတွင်းဆက်လက်နေထိုင်ရန် ကြောက်ရွံ့နေကြရပါသည်။

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့ နံနက် ၇:၀၀ နာရီအချိန်တွင် အင်အား (၇၆) ဦးခန့်ရှိသော ရေတာရှည်ရှိ SAC တပ်ရင်းအမှတ် (၂၂၁)နှင့် ပူးပေါင်းတပ်များသည် နံ့သာကွင်းကျေးရွာအုပ်စု၊ ခဟ--- ကျေးရွာရှိ ဘုန်းကြီးကျောင်းတွင် ပုန်းအောင်းနေကြသော ရွာသားများကိုခေါ်ကာ အမျိုးသားများကို ဖမ်းဆီးစစ်ဆေးမှုများပြုလုပ်ပြီး ထိုးကြိတ်မှုများပြုလုပ်ခဲ့ပါသည်။ ခလယ်လွိထူခရိုင်၊ မုန်းမြို့နယ်၊ နံ့သာကွင်းကျေးရွာအုပ်စု၊ ခဟ---ကျေးရွာနေ ဗာစစ်သားများ၏ ထိုးကြိတ်မှုကိုခံစားခဲ့ရသည့် ခဟ--- ရွာသားတစ်ဦးမှ **"ဗမာစစ်သားတွေက အမျိုးသားတွေကို သီသန့်ထားစစ်ဆေးမှုတွေလုပ်ပြီး ထိုးတော့တာပဲ။ ကျွန်တော်ကတော့ ခေါင်းနောက်စိမှာ အထိုးခံရတော့ အာရုံကျောပါထိသွားတယ်။ တစ်ချို့သူတွေကိုကြတော့ လက်သီးနဲ့ထိုး၊ ပါရိုက်ပြီး ခြေထောက်နဲ့လည်းကန်တယ်။ အဲ့ဒီမှာ အမျိုးသားစုစုပေါင်း(၁၇) ယောက်ရှိပြီး အဲ့ဒီထဲမှာမှ ကျွန်တော်အပါအဝင် အခြား(၅)ဦးကို နှိပ်စက်တယ်။"** ဗမာစစ်သားများသည် ဒေသခံလက်နက်ကိုင်တပ်ဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်ခြင်းကို ခံရသည့်အချိန်တိုင်း ရွာသားများကို လက်နက်ကိုင်အဖွဲ့ဝင်များ သို့မဟုတ် ၎င်းတို့နှင့် ပတ်သက်ဆက်နွယ်မှုရှိသည်ဟု စွပ်စွဲကာ ဖမ်းဆီးနှိပ်စက်လေ့ရှိပါသည်။ ဖမ်းဆီးခံရသူများထဲတွင် အမျိုးသား၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များလည်းပါဝင်ပါသည်။ ဗမာစစ်တပ်၏ ဤကဲ့သို့လုပ်ရပ်များနှင့် ပတ်သက်၍ ၎င်း၏ခံစားချက်ကို ဆက်လက်၍ပြောပြခဲ့ပါသည်။ **"ဗမာစစ်သားတွေဖမ်းတာကိုခံရတော့ ကျတော်တို့စိတ်ထဲမှာ အကြောက်တရားပဲရှိနေတယ်။ သူတို့တွေလာတော့ ကျတော်တို့ကို နှိပ်စက်တယ်၊ နောက်တစ်ခေါက်လာမယ်ဆိုရင် ကျတော်တို့ကို သတ်ပစ်မလားဆိုတာ မသိနိုင်ဘူး။ ကျတော်တို့က တွေးရင်းနဲ့ ကြောက်နေတယ်။ ကျတော်တို့ကို ကန်ကြောက်နှိပ်စက်တော့ သူတို့ကိုကျတော်**

**တို့စိတ်ထဲမှာ ကြောက်နေပြီ။ ဖြစ်နိုင်မယ်ဆိုရင် ငြိမ်းငြိမ်းချမ်းချမ်းပဲ နေချင်တော့တယ်။”**

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့ ဒူးပလာခရိုင်၊ နို့တကော မြို့နယ်၊ ဝါ့လူးကျေးရွာအုပ်စု၊ ခအ--- ကျေး ရွာတွင်နေထိုင်သော ခွန် ထ--- (၃၈) နှစ်သည် နှင့် ခွန်ဒ--- (၂၂) နှစ် တို့သည် အုန်းပင်ပေါ်မှ ပြုတ်ကျ၍ သတိလစ်သွားသောငင်းတို့၏ သူငယ်ချင်း န--- ဖြစ်သူ ကို ဆေးရုံလိုက်ပို့စဉ် လမ်း၌ ဗမာစစ်သားများ၏ ညှဉ်းပမ်းနှိပ်စက်ခြင်း ကိုခံခဲ့ရပြီး တာပူစစ်စခန်းသို့ ၎င်းတို့၏မျက်နှာကိုအုပ်၍ ခေါ်ဆောင် သွားခဲ့ပါသည်။ ဗမာစစ်သားများမှ ၎င်းတို့အား ညနေ (၈) နာရီခန့်မှ သာ ပြန်လွှတ်ပေးခဲ့ပါသည်။ ထိုကဲ့သို့ ညှဉ်းပမ်းနှိပ်စက်ခြင်းခံရသော ကြောင့် ၎င်းတို့နှစ်ဦးသည် အိမ်တွင် ကုသမှုခံယူရပြီး ဆေးနေ့စဉ် သောက်နေရပါသည်။

ဗမာစစ်သားများသည် ရွာသားများကို အပြစ်မရှိပဲ အ ကြောင်းမဲ့ ညှဉ်းပမ်းနှိပ်စက်ခြင်းများနှင့်ပတ်သက်၍ မြိတ်-ထားဝယ် ခရိုင်၊ လယ်ဒိုစိုးမြို့နယ်၊ ခမောက်သွယ်ကျေးရွာအုပ်စု၊ ခဏ--- ကျေး ရွာမှ ဗမာစစ်တပ်၏ဖမ်းဆီးခြင်းကိုခံရသည့် ရွာသားတစ်ဦးဖခင်ဖြစ် သူ စောပ--- မှ **“ငြိမ်းချမ်းရေးတစ်ခုထဲကို ပဲလိုချင်တော့တယ်။ ထိခိုက် နာ ကျင်မှုတွေကို မလိုချင်ဘူး။ တိုက်ခိုက်မှုတွေကိုလည်း မလိုချင်ဘူး။ စည်းလုံးမှုကို လိုချင်တယ်။ ပြီးတော့ ချစ်ခင်ညှာတာမှု ကိုပဲလိုချင် တယ်။”** ဟုပြောခဲ့ပါသည်။

## ဗမာစစ်တပ်နှင့် လက်နက်ကိုင်တပ်ဖွဲ့များမှ ရွာသားများကိုသတ်ဖြတ်ခြင်း

KHRG မှ ၂၀၂၃ ခုနှစ်၊ ဧပြီလမှ ဩဂုတ်လအတွင်း ဗမာစစ် တပ်နှင့် လက်နက်ကိုင်တပ်ဖွဲ့များ၏ သတ်ဖြတ်ခြင်းခံရသော ဖြစ်ရပ် (၁၀) ခုကို တောအူးခရိုင်၊ ခလယ်လွီထူခရိုင်၊ မြိတ်-ထားဝယ်ခရိုင်၊ ဒူး ပလာခရိုင်နှင့် ဖားအံခရိုင်တို့မှ လက်ခံရရှိခဲ့ပါသည်။ ဤကဲ့သို့သော သတ်ဖြတ်မှုများထဲတွင် ဗမာစစ်တပ်မှ လက်နက်ကိုင်တပ်ဖွဲ့များနှင့် တိုက်ပွဲဖြစ်ပွားပြီးနောက် ရွာသားများအားအကြောင်းမဲ့သတ်ဖြတ်ခြင်း၊ လက်နက်ကိုင်တပ်ဖွဲ့များနှင့် ဆက်နွယ်မှုရှိသည်ဟုစွပ်စွဲသတ်ဖြတ် ခြင်းနှင့် လူမှားပစ်သတ်ခြင်းတို့ပါဝင်ပါသည်။

၂၀၂၃ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် ဗမာစစ်တပ်ပူးပေါင်း တပ်ဖွဲ့များဖြစ်ကြသည့် ခြေမြန်တပ်ရင်းအမှတ် (ခမရ-၅၉၀), (ခမရ- ၅၉၉), တပ်မ (၄၄), ခြေလျင်တပ်ရင်းအမှတ် (ခလရ-၇၃) နှင့် (ခလရ- ၄၈) တို့မှ ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ ဂက--- ကျေးရွာသို့ဝင် ရောက်လာစဉ် KNLA နှင့် PDFစစ်သားများနှင့် ရင်ဆိုင်ပစ်ခတ် တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြပြီး ဗမာစစ်သားများမှ ထိခိုက်ဒဏ်ရာရ သေဆုံးမှုများရှိခဲ့ပါသည်။ ထိုနေ့ ညနေ ၅း၃၀ ခန့်တွင် SAC စစ်သား များသည် ဂက---ကျေးရွာသို့ ဝင်ရောက်ကာ တိုက်ပွဲဖြစ်ပွားစဉ်ထွက် ပြေးတိမ်း ရှောင်ခြင်းမရှိပဲ ရွာထဲတွင်သာပုန်းအောင်းနေသည့် ရွာသား (၁၉) ဦးကိုခေါ်ကာ မည့်သည့်စစ်ဆေးမေးမြန်းခြင်းမှ ပြုလုပ်ခြင်းမရှိ ပဲ ၎င်းတို့၏ မျက်လုံး၊ လက်နှင့်ခြေထောက်များကို ကြိုးဖြင့်တုတ်ကာ အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခဲ့ပါသည်။ ထိုရွာသားများထဲတွင် ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများပါဝင်ပါသည်။ ဗမာစစ် သားများမှ ရွာသားများအား အငြိုးထားကာ ဤကဲ့သို့အရှင်လတ်လတ် မီးရှို့ သတ်ဖြတ်ခြင်းကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ရွာသား များသည် ဂက--- ကျေးရွာသို့ပြန်လာရန် မဝံ့မရဲပဲ အခြားသောနေရာ ဒေသများနှင့် မြို့များသို့ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါသည်။

၂၀၂၃ ခုနှစ်၊ ဇူလိုင် ၂၃ ရက်နေ့တွင် မြိတ်-ထားဝယ်ခရိုင်၊ က စယ်ဒိုမြို့နယ်၊ ကလဲမူထီဒေသ၊ ဂခ---ကျေးရွာနေ ဇနီးမောင်နှံနှစ်ဦး ဖြစ်သည့် ဦးဖ--- (၅၀) နှစ်နှင့် ဇနီးဖြစ်သူ ဒေါ်ဘ--- (၄၀) ကျော်တို့ သတ်ဖြတ်ခြင်းခံခဲ့ရပါသည်။ ၎င်းတို့အား မည်သူမည်ဝါ၏ သတ် ဖြတ်ခြင်းခံရသည်ကို မသိသော်လည်း ဆွေမျိုးများမှ PDF ၏ သတ် ဖြတ်ခြင်း ကိုခံရသည်ဟု သံသယရှိကြပါသည်။ အဆိုပါဇနီးမောင်နှံနှစ် ဦးကို PDF များမှ ဒလန်ဟုဆိုကာ သတ်ခဲ့ခြင်းဖြစ်ကြောင်း ဆွေမျိုးဖြစ် သူများမှ ပြောပြခဲ့ပါသည်။ ၎င်းတို့အနေဖြင့် နေ့စားအလုပ်ကိုသာလုပ် ကိုင်ကြပြီး သားသမီး(၃) ဦးရှိပါသည်။ ၎င်းတို့၏ ရုပ်အလောင်းအား ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် သားသမီးများမှ ကျေးရွာအနီး ပြန်လည်တွေ့ရှိခဲ့ပြီး မြေမြှုပ်ပေးခဲ့ပါသည်။ ၎င်းတို့သတ်ဖြတ်ခံရပြီး သည့်နောက်ပိုင်း ဂခ---ကျေးရွာတွင်နေထိုင်သော ရွာသားများနှင့် ဆွေ မျိုးများသည် ကြောက်ရွံ့နေကြပြီး အချို့ရွာသားများသည် ရွာထဲ တွင်မနေရဲတော့သဖြင့် အခြားသောနေရာဒေသသို့ တိမ်းရှောင်ခဲ့ကြပါ သည်။ စစ်တပ်အာဏာသိမ်းပြီးသည့်နောက် ဂခ--- ကျေးရွာတွင် အ သတ်ခံရသည့် ရွာသား (၇) ဦးအထိရှိလာခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့ ညနေ ၂း၀၀ နာရီဝန်းကျင် ခန့်တွင် တပ်ရင်းမှူးဟိန်းဇံထွန်းဦးဆောင်သော ဗမာစစ်တပ် ခြေမြန် တပ်ရင်းအမှတ်(ဖ၀၃)နှင့် PDF စစ်သားများကြား တောအူးခရိုင်၊ ဒေါ် ဖားခိုမြို့ နယ်၊ တဆီးသယ်မီလာ (ဆယ့်သုံးမိုင်) မြို့တွင် ၁၅ မိနစ်ကြာ တိုက်ပွဲဖြစ်ပွားပြီးသည့်နောက် SAC စစ်သားများသည် မည်သည့် လက်နက် ကိုင်အဖွဲ့နှင့် ဆက်နွယ်ပတ်သက်မှုမရှိသည့် ရွာသား (၂) ဦး ဖြစ်သည့် စောမ--- နှင့် ယ--- တို့အား ပစ်သတ်ခဲ့ပါသည်။ နော်ရ--- သည် ခင်ပွန်းဖြစ်သူ သေဆုံးပြီးသည့်နောက်ပိုင်း မိသားစု အသက်မွေး ဝမ်းကျောင်းနှင့် ကလေး(၅)ဦးအားပြုစုစောင့်ရှောက်ရန် အခက်အခဲ နှင့် ကြုံတွေ့နေရပါသည်။ **“ကျမတို့အသက်မွေးဝမ်းကျောင်းအတွက် သူ့ကိုမှီခိုရတယ်။ ကျမတစ်ယောက်ထဲ ကလေးတွေကို စောင့်ရှောက် ဖို့အတွက် ခက်လိမ့်မယ်။ ကလေးတွေရဲ့ အသက်မွေးဝမ်းကျောင်း အတွက် ဘယ်လိုထောက်ပံ့ရမှာလဲ။ ကျမယောကျ်ားကိုမေ့လို့မရဘူး။ သူမပါပဲနဲ့ ကျမကလေးတွေကိုတစ်ယောက်ထဲ ဘယ်လိုပြုစုရမှာလဲ။ အခု ကျမ မလုံခြုံဘူးလို့ခံစားရတယ်။ လူတွေက ကျမကို SAC စစ်သား တွေသတ်တာခံရတဲ့သူတစ်ဦးရဲ့ ဇနီးလို့ပြောကြမှာကို အရမ်းစိုးရိမ် တာပဲ”** ဟုပြောခဲ့ပါသည်။ သူမအနေဖြင့် ကလေးများအားကျောင်းထား ရန်အတွက် ငွေကြေးထောက်ပံ့မှုများလိုအပ်နေပြီး လက်ရှိ မည်သည့် ထောက်ပံ့မှုကိုမှ မရရှိသေးပါ။ သူမမှ **“ရွာသားတွေအနေနဲ့ တရားမျှတ မှု ဘယ်တော့မှရမှာမဟုတ်ဘူး။ သူတို့(SAC စစ်သားတွေ)ကိုတရား မ စွဲချင်ဘူး။ သူတို့ကိုလုံးဝမတွေ့ချင်တော့ဘူး။ SAC စစ်တပ်သာမရှိရင် ကျမတို့ နိုင်ငံမှာ ငြိမ်းချမ်းလိမ့်မယ်။ ကျမသူတို့ကို စိတ်တိုနေပေမဲ့ ဘာ တတ်နိုင်မှာလဲ။ ကျမမိသားစုဝင်တွေလည်း အချိန်မရွေး အသတ်ခံရ နိုင်တယ်”** ဟု သူမ၏အမြင်ကို ပြောပြခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ ဧပြီလ ၅ နှင့် ၆ ရက်နေ့တွင် KTLA စစ်သားများနှင့် ပူးပေါင်းတပ်ဖွဲ့ (၃၀) ဦးခန့်သည် ဖားအံခရိုင်၊ ဂဂ--- ကျေးရွာတွင် BGF ကိုတိုက်ခိုက်သည့်အချိန်တွင် ဖမ်းဆီးထားသည့် ရွာသား(၃)ဦးကိုပါ သတ်ပစ်ခဲ့ပါသည်။ ဤကဲ့သို့သော သတ်ဖြတ်ခြင်းတို့ကြောင့် ရွာသားများအနေဖြင့် ကျေးရွာတွင်းဆက်လက်နေထိုင်ရန် ကြောက်ရွံ့နေကြရပါသည်။

စစ်တပ်မှ အာဏာသိမ်းပြီးသည့်နောက်ပိုင်း SAC နှင့် အခြားသောလက်နက်ကိုင်တပ်ဖွဲ့များသည် ဒေသခံရွာသားများအပေါ် ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးခြင်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် သတ်ဖြတ်ခြင်းတို့သည် ပိုမိုတိုးများလာခဲ့ပါသည်။ ထိုကဲ့သို့ လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ဒေသခံရွာသားများအနေဖြင့် ကျေးရွာတွင်ဆက်လက်နေထိုင်ရန်၊ ခရီးသွားလာရန်၊ အသက်မွေးဝမ်းကျောင်းပြုရန်အပြင် ကျန်းမာရေးဝန်ဆောင်မှုများခံယူရန်အတွက်ပါ ကြောက်ရွံ့နေကြရပါသည်။ ဒေသခံရွာသားများအနေဖြင့် ဤကဲ့သို့ ပိုမိုများပြားလာသောလူ့အခွင့်အရေးချိုးဖောက်မှုများကို ရှောင်ကြဉ်ရန်အတွက် တောထဲနှင့် မြို့ထဲသို့ထွက်ပြေးတိမ်းရှောင်ကြရပါသည်။ ရွာသားများမှ ဆက်လက်၍ ဤကဲ့သို့ဖြစ်ပေါ်လျက်ရှိနေသော လူ့အခွင့်အရေးချိုးဖောက်မှုများမှတရားမျှတမှုနှင့် ငြိမ်းချမ်းရေးကိုလိုလားနေကြပါသည်။



ဤပုံကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ ဂက---ကျေးရွာတွင်ရိုက်ယူခဲ့ပါသည်။ ဤပုံနှစ်ပုံသည် SAC စစ်သားများ ဂက--- ကျေးရွာသို့ ဝင်ရောက်လာကာ ရွာထဲတွင် ပုန်းအောင်းနေသည့် ရွာသား (၁၉) ဦးကို ကြိုးဖြင့်တုတ်ကာ အရှင်လတ်လတ်မီးရှို့သတ်ဖြတ်ခဲ့သည့် ပြာပုံဖြစ်ပါသည်။ (ဓာတ်ပုံ - KHRG)

စာမျက်နှာ ၄ မှ အဆက်

ရွာသားနေအိမ်(၁)လုံး ပျက်စီးသွားခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့ ညနေ (၄း၀၀) နာရီအချိန်တွင် ဗမာစစ်တပ်၏တိုက်လေယာဉ်မှ လူသောမြို့နယ်၊ ကော်လူးဒဲကျေးရွာ အုပ်စု၊ ခရ--- ကျေးရွာတွင် လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ရာတွင် မည်သည့်ဒဏ်ရာရသေဆုံးမှုမရှိသော်လည်း ရွာသားများအနေဖြင့် ကြောက်ရွံ့ကြရသောကြောင့် ထွက်ပြေးတိမ်းရှောင်နေခဲ့ကြရပါသည်။

**ဒူးပလာယာခရိုင်**

၂၀၂၃ ခုနှစ်၊ မေလ ၂၃ ရက်နေ့ ည (၁၂း၀၀) နာရီအချိန်တွင် ဗမာစစ်တပ်၏တိုက်လေယာဉ်မှ ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ မောခီးကျေးရွာအုပ်စု၊ ဂဃ--- ကျေးရွာတွင် လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သဖြင့် ဘုရားကျောင်း(၁)လုံး၊ အမျိုးသားဘော် ဒါဆောင်(၁)ဆောင်နှင့် ရွာသားတို့၏ နေအိမ်(၂)လုံး ပျက်စီးသွားခဲ့ပါသည်။

ထို့အပြင် ဂဃ--- ရွာသား စုစုပေါင်း(၂၈၉)ဦး ရတ်တရက်ထွက် ပြေးတိမ်းရှောင်ခဲ့ကြရပြီး ကူညီထောက်ပံ့မှုများဖြစ်သည့် အစားအစာနှင့် နေရာထိုင်ခင်းများလိုအပ်လျက်ရှိနေပါသည်။ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့၌ ဗမာစစ်တပ်၏တိုက်လေယာဉ်ဖြင့် ဆိပ်ကြီးတွင် လေ ကြောင်းတိုက်ခိုက်မှု(၁)ကြိမ် ပြုလုပ်ခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် ဗမာစစ်တပ်၏တိုက်လေယာဉ်မှ ကော်တရီမြို့နယ်၊ အကျူကျေးရွာအုပ်စု၊ ဂင--- ကျေးရွာတွင် လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သောကြောင့် ကျောင်းအဆောက်အဦးများနှင့် ပရိဘောဂများပျက်စီးသွားခဲ့ပါသည်။ ဂင--- ရွာသား စောဇ--- မှ “မနက်မိုးလင်းသွားကြည့်လိုက်တော့ ကျောင်းကိုလေယာဉ်နဲ့ လာပစ်သွားတာတွေ့တယ်။ ကျောင်းအသုံးအဆောင်တွေဖြစ်တဲ့ ရေအိုး (၃) လုံး၊ ထိုင်ခုံ၊ စာရေးခုံတွေ ပျက်စီးသွားတယ်။”

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် KNLA နှင့် ဗမာစစ်တပ်များကြား တိုက်ပွဲဖြစ်ပွားသည့်အချိန်တွင် ဗမာစစ်တပ်မှ တိုက်လေယာဉ်ဖြင့် နို့တကောမြို့နယ်၊ နို့တော်ပလာကျေးရွာအုပ်စု၊ ဂစ--- ကျေးရွာတွင်လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သဖြင့် ရွာသားများ၏နေအိမ်(၃)လုံး ပျက်စီးသွားခဲ့ပါသည်။

ထို့အပြင် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် KNLA ပူးပေါင်းတပ်ဖွဲ့နှင့် ဗမာစစ်တပ်တို့ကြားတိုက်ပွဲဖြစ်ပွားပြီး ဗမာစစ်တပ် တိုက်လေယာဉ်များမှ ဒူပလာယာခရိုင်, ဝင်းရေးမြို့နယ်၊ တံခွန်တိုင်ကျေးရွာအုပ်စု၊ ဂဆ--- ကျေးရွာတွင် လေကြောင်းတိုက် ခိုက်မှုပြုလုပ်ခဲ့ချိန်တွင် ရွာသား၏နေအိမ်(၁)လုံး ပျက်စီးသွားခဲ့ပါ သည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ် ၁၅ ရက်နေ့တွင် KNLA ပူးပေါင်းတပ်ဖွဲ့များမှ ဗမာစစ်တပ်၏ ကစယ်ဒဲစခန်းကို သိမ်းပိုက်ခဲ့ပြီးသည့်နောက် ဗမာစစ်တပ်တိုက်လေယာဉ်များမှ ကော်တရီမြို့နယ်၊ ပလူးကျေးရွာအုပ်စု၊ ကစယ်ဒဲစုနေရာတွင် လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ မတ်လမှ ဩဂုတ်လအတွင်း ဗမာစစ်တပ်၏ လေကြောင်းတိုက်ခိုက်မှု၊ ထိခိုက်သေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုမှာလည်း ယခင်ခြောက်လထက် အကြိမ်ရေနည်းကြောင်း KHRG မှ သတင်းအချက်အလက်များကိုလက်ခံရရှိခဲ့ပါသည်။ အထက်တွင်ဖော်ပြထားသကဲ့သို့ ဗမာစစ်တပ်မှ တိုက်ပွဲဖြစ်ပွားသည့်အချိန်တိုင်း လေကြောင်းတိုက်ခိုက်မှုများပြုလုပ်သောကြောင့် ဒေသခံရွာသားများအနေဖြင့် တိုက်ပွဲဖြစ်ပွားသည့်အချိန်တိုင်း ဗမာစစ်တပ်မှလေကြောင်းတိုက်ခိုက်မှုများပြုလုပ်မည်ကို စိုးရိမ်နေကြရပါသည်။

# မြေမြှုပ်မိုင်းအသုံးပြုခြင်းကြောင့် အရပ်သား ပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုများ

မြေမြှုပ်မိုင်းများသည် လက်နက်ကိုင်တိုက်ပွဲများဆင်နွှဲသည့် နှစ်ဖက်တပ်များကြား အရေးပါသည့်အခန်းကဏ္ဍတွင် ပါဝင်နေပြီး အနာဂတ်လက်နက်ကိုင်ပဋိပက္ခများတွင်လည်း ၎င်းအားဖယ်ထုတ်ရန် ဖြစ်နိုင်သေးမည်မဟုတ်ပေ။ ထိုသို့ မြေမြှုပ်မိုင်းများ တွင်ကျယ်စွာအသုံးပြုနေခြင်း၏ ဘေးထွက်ဆိုးကျိုးအနေဖြင့် လက်နက်ကိုင်စစ်ပွဲပဋိပက္ခ များတွင် လုံးဝပါဝင်ပတ်သတ်ခြင်းမရှိသည့် သာမန်အရပ်သားပြည်သူများလည်း မြေမြှုပ်မိုင်းဒဏ်ကို တိုက်ရိုက်ခံ စားကြရပြီး အချို့သောမိသားစုများဆိုလျှင် ၎င်းတို့၏ဘဝရေ့ဆက်ရပ်တည်ရှင်သန်ရေးအတွက် ကြီးမားသည့်စိန်ခေါ်မှုမျိုး ကြုံတွေ့ကြရသည်။ ထို့ကြောင့် KHRG အနေဖြင့် KNU အုပ်ချုပ်သည့် ခရိုင် (၇) ခုအတွင်း မြေမြှုပ်မိုင်းအန္တရာယ်ကြောင့် အရပ်သားပြည်သူများ မည်မျှထိခိုက်မှုရှိခဲ့သည်ကို ကရင်လူ့အခွင့်အရေးအဖွဲ့၏ ကွင်းဆင်းလုပ်သားများ ၂၀၂၃ ခုနှစ်၊ ဧပြီလမှ ဩဂုတ်လအတွင်း ပေးပို့လာသော အစီရင်ခံစာများအပေါ် အခြေခံ၍ စာဖတ်သူများ သိရှိနိုင်စေရန်ရည်ရွယ်ပြီး မြေမြှုပ်မိုင်းပေါက်ကွဲထိခိုက်မှု ဖြစ်စဉ်များကို ဖော်ပြအပ်ပါသည်။ ထိုမြေမြှုပ်မိုင်းပေါက်ကွဲမှု ဖြစ်စဉ်များသည် KHRG ၏ လက်လှမ်းမှီ သလောက် မှတ်တမ်းပြုစုထားသည့် အချက်လက်များသာဖြစ်ပြီး လက်လှမ်းမမှီသော ဖြစ်စဉ်များလည်း ရှိနိုင်သည်။

၂၀၂၃ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့ ညနေ ၃း၃၀ အချိန်၌ သထုံခရိုင်၊ သထုံမြို့နယ်၊ ဝီယော်ကျေးရွာအုပ်စု၊ ဂဇ---ကျေးရွာတွင် ဖြစ်ပွားခဲ့သော မြေမြှုပ်မိုင်းပေါက်ကွဲမှု ဖြစ်စဉ်တစ်ခုတွင် ဂဇ---ရွာသူဖြစ်သည့် နော်လ---နှင့် ၎င်း၏သမီးဖြစ်သူ နော်ဝ--- တို့သားအမိနှစ်ဦးသည် ကျေးရွာအနီးရှိတောထဲတွင် ပဒတ်စာ (မိုးဦးကာလတွင်ပေါက်သော စားရသောမြေပေါ်တွင်ပေါက်သည့် အပွင့်တစ်မျိုး) သွားရောက်ရှာဖွေခူးယူစဉ်တွင် မည်သည့်လက်နက်ကိုင်အဖွဲ့မှ ထောင်ထားမှန်းမသိရသည့် မြေမြှုပ်မိုင်းတစ်လုံးအား နင်းမိခဲ့ကြပြီး ၎င်းတို့နှစ်ဦးစလုံး ထိုမြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ဒဏ်ရာအသီးသီးရရှိခဲ့ကြသည်။ ထို့ကြောင့် ၎င်းတို့နှစ်ဦးစလုံးသည် KNU ကျန်းမာရေးဌာနမှဖွင့်လှစ်ထားသည့် ဆေးပေးခန်းသို့ သွားရောက်၍ ဆေးကုသမှုခံယူခဲ့ရသည်။ ထိုမြေမြှုပ်မိုင်းပေါက်ကွဲသည့်နေရာသည် ဗမာစစ်တပ်နှင့် KNLA တို့ ဖြတ်သန်းသွားလာနေသည့်နေရာဖြစ်ပြီး မကြာခဏဆိုသလို တိုက်ပွဲများ ဖြစ်ပွားလေ့ရှိသည့် နေရာဟုသိရှိရသည်။

ဆက်လက်၍ ညောင်လေးပင်ခရိုင်တွင်လည်း မြေမြှုပ်မိုင်းပေါက်ကွဲမှု ဖြစ်စဉ်တစ်ခု ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့ မနက် ၆း၃၀ အချိန်တွင် ဂဈ--- ကျေးရွာ၌ ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ ညောင်လေးပင်ခရိုင်၊ ဂဈ--- ရွာသားတစ်ဦးဖြစ်သည့် စောသ--- သည် ဂဈ--- ကျေးရွာသို့သွားသည့်အချိန်တွင် KNLA မှ ထောင်ထားသည့် မြေမြှုပ်မိုင်းတစ်လုံးအား မတော်တဆတက်နင်းမိခဲ့ပြီး မိုင်းပေါက်ကွဲမှုကြောင့် ဘယ်ဖက်ခြေထောက်ပြတ်သွားခဲ့ပြီး ညာဖက်ခြေထောက်မှာလည်း ဒဏ်ရာရရှိသွားခဲ့ပါသည်။ စောသ--- သည် အသက် ၄၅ နှစ်ရှိပြီး ၎င်းတွင်ဇနီးဖြစ်သူနှင့် သားသမီး ၅ ဦးရှိပါသည်။ ဂဈ---ကျေးရွာသို့မသွားမီ KNLA စစ်သားများမှ ၎င်းအား ထိုနေရာသို့မသွားရန် သတိပေးတား မြစ်ခဲ့သော်လည်း ၎င်းမှာ ထိုနေရာသို့ သွားရောက်မိခဲ့သည့်အတွက် မြေမြှုပ်မိုင်းအား မတော်တဆတက်နင်းမိသွားခဲ့ပါသည်။ မြေမြှုပ်မိုင်းအားနင်းမိပြီး ထိခိုက်ဒဏ်ရာရရှိသွားပြီးသည့်နောက် ၎င်းအား လောမူသောဆေးရုံသို့ပို့ဆောင်ခဲ့ပြီး ရရှိသည့်ဒဏ်ရာများကို သန့်ရှင်းရေးလုပ်ပေးခဲ့ကာ ခလယ်လွီထူခရိုင်ဆေးရုံသို့ ဆက်လက်ပို့ဆောင်ခဲ့ပါသည်။ မိုးများရွာသွန်းခြင်း၊ ရေကြီးခြင်းနှင့် ကမ်းပါးများပြိုကျခြင်းတို့ကြောင့် စောသ--- ကို ခလယ်မူဆေးရုံသို့ ဆက်လက်ပို့ဆောင်လိုသော်လည်း လမ်းပန်းဆက်သွယ်ရေးအခက်အခဲများ ရင်ဆိုင်ကြရသဖြင့် ၎င်းအား ခလယ်လွီထူခရိုင်ဆေးရုံတွင်သာ ခြေထောက်ခွဲ စိတ်မှု ပြုလုပ်ပေးခဲ့ပြီး ဆေးကုသမှုခံယူစေခဲ့ပါသည်။ စောသ--- ခလယ်လွီထူခရိုင်ဆေးရုံတွင် ဆေးကုသမှုခံယူစဉ်တွင် ဇနီးဖြစ်သူမှ ၎င်းအား လိုအပ်သည့်ပြုစုစောင့်ရှောက်မှုများ လုပ်ဆောင်ပေးခဲ့ပါသည်။

မြေမြှုပ်မိုင်းပေါက်ကွဲမှု နောက်ထပ်ဖြစ်စဉ်တစ်ခုကိုမူ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့ နံနက် ၉း၀၀ နာရီတွင် မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ မကာဟဲကျေးရွာအုပ်စု၊ ဂည--- ကျေးရွာဝန်းကျင်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဖြစ်စဉ်မှာ ဂတ--- ရွာမှ သားအဖနှစ်ဦးဖြစ်သည့် ဦးဟ--- (၅၅ နှစ်) နှင့် ဒေါ်အ--- (၃၂ နှစ်)တို့သည် လယ်ယာမြေခြံစည်းရိုးခတ်ရန်အတွက် တောထဲသို့ဝါးခုတ်သွားခဲ့ကြသည်။ ထိုစဉ် ဦးဟ---သည် မြေမြှုပ်မိုင်းပေါ်တက်နင်းမိပြီး ယာဘက်ခြေထောက်တွင် ဒဏ်ရာရရှိသဖြင့် ဒေါ်အ--- သည် ဖခင်ဖြစ်သူအား သွားရောက်ကူညီရန်သွားစဉ် အခြားမြေမြှုပ်မိုင်းတစ်လုံး ထပ်မံနင်းမိခဲ့ကာ သူမ ၏ခြေထောက်နှစ်ဖက်လုံး ပြတ်ထွက်သွားခဲ့ပါသည်။

ထိုမြေမြှုပ်မိုင်းပေါက်ကွဲသံကြောင့် ဂထ---ရွာသားများသည် အဖြစ်အပျက်ကို သိလိုက်ကြပြီး မြေမြှုပ်မိုင်းပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ရွာသားများမှ ဒေသခံ KNLA ခေါင်းဆောင်များအား ဆက်သွယ်ခဲ့ကြသည်။ ယင်းနောက် ဂထ--- ကျေးရွာမှ ဒေသခံခေါင်းဆောင်များနှင့် ရွာသား အချို့က အဆိုပါသားအဖ (၂)ဦးကို အခင်းဖြစ်ပွားသည့်နေရာမှ (ရွာနှင့်နီးစပ်သော) ကျေးရွာသို့ ပြန်လည်ခေါ်ဆောင်လာခဲ့ကြသည်။ ထို့နောက် ၎င်းတို့(၂)ဦးအား ဖာပွန်မြို့ရှိ စစ်ကောင်စီ ဗျူဟာဆေးရုံသို့ မော်တော်ယာဉ်ဖြင့် ရွာသားများမှ သွားရောက်ပို့ဆောင်ပေးခဲ့ကြသည်။ သို့သော် ဗမာစစ်တပ်၏ ကျန်းမာရေးဝန်ထမ်းများမှ ထိုဒဏ်ရာရရွာသားများ နင်းမိသောမြေမြှုပ်မိုင်းသည် ၎င်းတို့၏ မြေမြှုပ်မိုင်းမဟုတ်ဟု ပြောဆိုခဲ့ပြီး သင့်လျော်သောစောင့်ရှောက်မှု မပေးလိုကြောင်း ဒဏ်ရာရရှိသူတစ်ဦးအား ပြောဆိုခဲ့သည်။ ထို့ကြောင့် [ဂထ---] ရွာသားများသည် ၎င်းတို့အား သင့်လျော်သောကျန်းမာရေးစောင့်ရှောက်မှုများရရှိနိုင်စေရန်အတွက် [စစ်ကောင်စီ] အာဏာပိုင်များဖြစ်သည့် စစ်ဘက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများထံ ကြက်နှင့် အခြားသောအစားအစာများ ယူဆောင်သွားပေးခြင်းများ ပြုလုပ်ခဲ့ရပါသည်။

ဤဖြစ်စဉ်တွင် KNLA စစ်သားများသည် ရွာသားများအား မြေမြှုပ်မိုင်းထောင်ထားခြင်းနှင့်ပတ်သက်၍ ကြိုတင် အသိပေးထားပြီးဖြစ်သောကြောင့် အဆိုပါမြေမြှုပ်မိုင်းများသည် KNLA တပ်ရင်း (၁၀၂) နှင့် တပ်ရင်း (၁၅) မှ တပ်သားများက ထောင်ထားသည်ဟု ဂထ--- ရွာသားများက ယုံကြည်ကြသည်။ KNLA စစ်သားများက ထိုကျေးရွာအနီးနားရှိ မြေမြှုပ်မိုင်းပေါက်ကွဲသည့်နေရာတွင် မြေမြှုပ်မိုင်းမထောင်မီ ရွာသားများအား တစ်ပတ်ကြိုတင် အကြောင်းကြားခဲ့သည်။ မြေမြှုပ်မိုင်း အခင်းဖြစ်ပွားသည့်နေရာသည် ဗမာစစ်တပ် ခြေမြန်တပ်ရင်း (ခလရ) အမှတ် (၁၉) နှင့် အမှတ် (၆၄၂) တပ်စခန်းများအနီးတွင် ဖြစ်သည်။ ဒဏ်ရာရရှိသည့် ရွာသားနှစ်ဦးအပါအဝင် ဂထ--- ကျေးရွာမှ ရွာသားများသည် ၎င်းတို့ကျေးရွာတွင် မြေမြှုပ်မိုင်းအန္တရာယ် အသိပညာပေးသင်တန်းများ တက်ရောက်ဖူးခြင်း မရှိကြောင်း သိရပါသည်။

ထိခိုက်ဒဏ်ရာရသူ နှစ်ဦးအနေဖြင့် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ထိခိုက်နစ်နာမှုများရှိခဲ့သော်လည်း မည်သည့် ထောက်ပံ့ကူညီမှုများကိုမှ မရရှိခဲ့ကြပေ။ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ စတုတ္ထပတ် SAC ဗျူဟာဆေးရုံတက်ပြီး တစ်ပတ်အကြာတွင် မော်လမြိုင်ဆေးရုံသို့ လွှဲပြောင်းပို့ဆောင်ခဲ့ကြသည်။ ထိုအချိန်မှစ၍ အဆက်အသွယ်မရတော့ပေ။ ဆေးရုံတက်နေစဉ်အတွင်းနှင့် ဆေးရုံမှဆင်းပြီးသည့်တိုင် ၎င်းတို့သည် ထောက်ပံ့မှုတစ်စုံတစ်ရာမျှ မရခဲ့ပေ။ ဦးဟ--- သည် နေ့စားအလုပ်သမားအဖြစ် စိုက်ခင်းတွင် အလုပ်လုပ်ခြင်းဖြင့် မိသားစုစားဝတ်နေရေးကို ထောက်ပံ့နေရသူဖြစ်ပြီး ဒေါ်အ---သည် စစ်တပ်အာဏာမသိမ်းမီက ဝင်ငွေရရှိရန်အတွက် ဆေးရုံနှင့်အိမ်များတွင် အဝတ်လျှော်ခြင်းဖြင့် မိသားစုဝင်ငွေ ရှာဖွေခဲ့ရသူဖြစ်ပါသည်။ မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ၎င်းတို့အနေဖြင့် ရှေ့ဆက်ဘဝရပ်တည်ရှင်သန်ရေးအတွက် ကြီးမားသည့်စိန်ခေါ်မှုကိုဖြစ်ပေါ်စေပြီး ခြေထောက်ဖြတ်တောက်ခံရသဖြင့် အလုပ်လုပ်ရန်အခက်ကြုံနေရပြီး ၎င်းတို့၏မိသားစုစားဝတ်နေရေးဖူလုံမှုအခက်အခဲများဖြင့် ကြုံတွေ့နေကြရသည်။ ဂထ--- ကျေးရွာတွင်နေထိုင်သော ရွာသားများသည် ရွာအနီးပတ်ဝန်းကျင်တွင် မြေမြှုပ်မိုင်းအများအပြား ရှိနေ မှုများကြောင့် လယ်မြေများတွင် လုပ်ကိုင်စားသောက်ကြရန် ကြောက်ရွံ့နေကြပြီး ထိုမြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ရွာသား(၂) ဦး ဒဏ်ရာအပြင်းအထန်ရသည်ကို တွေ့ရှိကြားသိရပြီးနောက် ပိုမိုကြောက်ရွံ့လာခဲ့ကြပါသည်။

ထို့နည်းတူ ဒူးပလာခရိုင်၊ နို့တကောမြို့နယ်၊ နို့တကောကျေးရွာအုပ်စု၊ နဗ---ကျေးရွာ၏ ဗမာစစ်တပ်စခန်းတည်ရှိရာ အနီးတွင် နေထိုင်ကြသော ရွာသားများလည်း ၎င်းတို့၏ အိမ်မွေးတိရိစ္ဆာန်များဖြစ်သည့် ကျွဲ၊ နွား နှင့် အခြားသောတိရိစ္ဆာန်များအား စားကျက်မြေသို့ လွှတ်ပြီး အစာကျွေးရန်အတွက် ကြောက်ရွံ့စိုးရိမ်မှုများရှိကြသည်။ အကြောင်းမှာ ၂၀၂၃ ခုနှစ်၊ ဧပြီလ၌ နို့တကောမြို့နယ်၊ နို့တကောကျေးရွာအုပ်စု၊ နဗ---ကျေးရွာ နေထိုင်သော ရွာသားတစ်ဦး၏ကျွဲတစ်ကောင်သည် ဗမာစစ်တပ်အခြေစိုက်သည့် တပ်စခန်းဝန်းကျင်တွင် သွားရောက်စားကျက် လှန်ရာ ၎င်းတို့ထောင်ထားသည့်မြေမြှုပ်မိုင်းအား နင်းမိထိမှန်သဖြင့် စစ်ကောင်စီတပ်မှ ၎င်းရွာသားအား ဗမာစစ်တပ်စခန်းသို့ ဝါးလုံးများ ခုတ်ပို့ခိုင်းခဲ့ပါသည်။ ဗမာစစ်သားများသည် ၎င်းတို့အခြေစိုက်သည့် တပ်စခန်းဝန်းကျင်တွင် ရွာသားများ၏ အိမ်မွေးတိရိစ္ဆာန်များ ဝင်ရောက်ခြင်း သို့မဟုတ် မြေမြှုပ်မိုင်းနင်းမိခြင်းတို့ဖြစ် ပွားပါက ရွာသားများအား ခေါ်ယူသတိပေးခြင်းနှင့် ဝါးများခုတ်ပို့ခိုင်းခြင်းများ ပြုလုပ်လေ့ရှိသည်။

ထပ်မံ၍ မြေမြှုပ်မိုင်းပေါက်ကွဲမှု နောက်ဖြစ်စဉ်တစ်ခုအား ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ဘားအံခရိုင်၊ တနေးဆားမြို့နယ်၊ ထီးဝှါဘလောကျေးရွာအုပ်စု၊ ဂထ---ရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးဖြစ်သူ အသက်(၅၃)နှစ် အရွယ်ရှိသည့် စောဏ---သည် ၎င်း၏ရွာတွင် ရွာသားများ၏နွားများ မြေမြှုပ်မိုင်းသုံးကြိမ်နင်းမိပြီး သေကြေထိခိုက်မှုရှိခဲ့ကြောင်း တင်ပြခဲ့သည်။ ပထမဖြစ်စဉ်မှာ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလတွင် (ရက်အတိအကျမသိရှိရ) ရွာသားတစ်ဦး ဖြစ်သူ စောဆက---၏ နွားတစ်ကောင်သည် အလယ်ဗိုလ်တဲတပ်စခန်းနားတွင် (နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏တပ်စခန်း) မြေမြှုပ်မိုင်းတစ်လုံးနင်းမိ၍ ထိုနွား၏ခြေထောက်တစ်ဖက် ပြတ်သွားခဲ့သည်။ ဒုတိယဖြစ်စဉ်ကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလတွင် (ရက်အတိအကျမသိရှိရ) ရွာသားတစ်ဦးဖြစ်သူ စောဆခ---၏ နွားတစ်ကောင်သည် မြဝတီမြို့နယ်၊ သဃ်န်းညီနောင်ရှိ ခြေမြန်တပ်ရင်း(ခမရ) အမှတ်(၃၅၆)အခြေစိုက်သည့် တပ်စခန်းနားတွင် မြေမြှုပ်မိုင်းတစ်လုံးနင်းမိ၍ သေသွားခဲ့သည်။ တတိယဖြစ်စဉ်မှာ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ရွာသားတစ်ဦးဖြစ်သူ စောဆဂ---၏နွားငါးကောင်သည် တိုက်မိုင်းနှင့်ထိမှန်၍ သုံးကောင်ဒဏ်ရာရရှိခဲ့ပြီး နှစ်ကောင်သေဆုံးခဲ့သည်။ အဆိုပါတိုက်မိုင်းအား စစ်ကောင်စီ ခမရ(၃၅၇)တပ်ရင်းမှ စောဆဃ---၏ လယ်ယာအနားတွင် ထောင်ထား ခဲ့ခြင်းဖြစ်သည်။ မတ်လနှင့် ဇွန်လများအတွင်းတွင် ရွာသားများသည် လယ်ယာထဲတွင် ၎င်းတို့၏နွားများကို လွှတ်ထားလေ့ရှိပြီး စစ်ကောင်စီတပ်များသည် ရွာသားများ၏လယ်ယာအနားတွင် မြေမြှုပ်မိုင်းများ လာရောက်ထောင် ထားကြသည်။ သို့သော်လည်း မြေမြှုပ်မိုင်းထောင်ထားသည့်အကြောင်းကို ရွာသားများအား အသိပေးအကြောင်းကြားခြင်း လုပ်ဆောင်လေ့မရှိပေ။ ထို့ကြောင့် ရွာသားများသည် မြေမြှုပ်မိုင်းများ ထောင်ထားသည်ကို မသိရှိသောကြောင့် ၎င်းတို့နွားများကို လွှတ်ထားလေ့ရှိသည်။ ထိုမြေမြှုပ်မိုင်းပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ပွားပြီးနောက် ဗမာစစ်သားများသည် မြေမြှုပ်မိုင်းထိမှန်သည့်နွားများ၏ ပိုင်ရှင်ဖြစ်သူသည် မည်သူမည်ဝါဖြစ်ကြောင်းစုံစမ်းမေးမြန်းမှုများပြုလုပ်ခဲ့သည်။ သို့သော်လည်း မည်သူတစ်ဦးမျှ ၎င်းတို့အား မဖြေကြားခဲ့ပေ။ အကြောင်းမှာ ဗမာစစ်တပ်မှ နွားပိုင်ရှင်ဖြစ်သူအားသိခဲ့လျှင် ဒဏ်ငွေဆောင်ခိုင်းမည်ဖြစ်ကြောင်း ရွာသားများ နားလည်သိရှိကြသောကြောင့်ဖြစ်သည်။ ထို့နောက် ဗမာစစ်သားများသည် နွားပိုင်ရှင်အနေဖြင့် ၎င်းတို့နွားများသည် နောက်တစ်ကြိမ် မြေမြှုပ်မိုင်းထိမှန်ခဲ့လျှင် ဒဏ်ငွေပေးဆောင်ရမည်ဖြစ်ကြောင်း ဂထ---ရွာနှင့် ဂဒ---ရွာတွင် နေထိုင်ကြသည့် ရွာသားများအား သတိပေးခဲ့သည်။ ထို့အပြင် ဗမာစစ်သားများသည် ထီးဝှါဘလောကျေးရွာအုပ်စုရှိ အချို့နေရာများတွင် ရွာသားများသွားလာခြင်းကို တားမြစ်ခဲ့သည်။ ထို့ကြောင့် ရွာသားများသည် ဗမာစစ်တပ် တားမြစ်ထားသည့်အချို့နေရာများတွင် ၎င်းတို့၏နွားများကို သွားရောက်စားကျက်လှန်၍ မရတော့ပေ။

နောက်ထပ်ဖြစ်စဉ်တစ်ခုတွင် ဘားအံခရိုင်၊ တနေးဆားမြို့နယ်၊ ယောကူကျေးရွာအုပ်စု၊ ဂန---ရွာတွင် နေထိုင် သည့် အသက်(၄၁) နှစ်အရွယ် ရွာသားတစ်ဦးဖြစ်သူ စောဆင---သည် ၂၀၂၃ ခုနှစ်၊ ဇွန်လ

၁၃ ရက်နေ့ နေ့လယ် ၂ နာရီဝန်းကျင်တွင် မြေမြှုပ်မိုင်းတစ်လုံးကို နင်းမိ၍ထိမှန်ခဲ့သည်။ စောဆင–––သည် တောထဲသို့သွား၍ ဟင်းသီးဟင်းရွက်အချို့ကို ရှာဖွေနေစဉ်တွင် မြေမြှုပ်မိုင်းကိုနင်းမိ၍ ထိမှန်ခဲ့ခြင်းဖြစ်သည်။ မြေမြှုပ်မိုင်းထိမှန်ခဲ့သည့်နေရာသည် တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော်(DKBA) တပ်စခန်းဟောင်းအနားတွင်ဖြစ်သည်။ ထိုတပ်စခန်းသည် တပ်စခန်းဟောင်းတစ်ခုဖြစ်ပြီး DKBA စစ်သားများ မရှိကြပါ။ မြေမြှုပ်မိုင်းထိမှန်၍ စောဆင–––၏ ညာခြေထောက်တွင် ဆိုးဆိုးရွားရွားဒဏ်ရာရရှိခဲ့သည်။ စောဆင–––၏ညာခြေထောက်တွင် ဒဏ်ရာရရှိခဲ့သော်လည်း ကူညီမည့်သူမတွေ့၍ တောထဲမှ ရွာသားတစ်ဦး၏တဲသို့ တစ်ယောက်တည်း ပြန်လာခဲ့ရသည်။ ထို့နောက် စောဆင–––အား ဂပ–––ဆေးရုံသို့ပို့ဆောင်ခဲ့သည်။ သို့သော်လည်း ထိုဆေးရုံတွင် စောဆင–––၏ဒဏ်ရာကို ကုသပေးနိုင်ခြင်းမရှိ၍ ကောင်းမွန်သည့်ဆေးကုသမှုရရှိစေရန်အတွက် စောဆင–––အား ဘားအံခရိုင်၊ တာကရယ်မြို့နယ်၊ ပီတခကျေးရွာအုပ်စု၊ ဂဖ–––ဆေးရုံသို့ပို့ဆောင်ခဲ့ပြန်သည်။ ယခုအချိန်တွင် စောဆင–––သည် ဆေးရုံမှ ဆင်းလာနိုင်ပြီးဖြစ်သည်။ သို့သော်လည်း စောဆင–––ရရှိခဲ့သည့်ဒဏ်ရာသည် လုံးဝပျောက်ကင်းခြင်းမရှိသေးသောကြောင့် အိပ်ယာထဲတွင် လဲနေရပါသည်။ စောဆင–––အနေဖြင့် အလုပ်ကောင်းစွာမလုပ်နိုင်သောကြောင့် ၎င်း၏မိသားစုစားဝတ်နေရေးအတွက် အခက်အခဲများ တွေ့ကြုံနေရသည်။ တောထဲတွင် မြေမြှုပ်မိုင်းများထောင်ထားလေ့ရှိကြောင်း စောဆင–––အနေဖြင့် နားလည်သိရှိထားသော်လည်း ၎င်း၏မိသားစုအား ထောက်ပံ့နိုင်ရန်အတွက် ဟင်းသီးဟင်းရွက်များ ရှာဖွေရောင်းချ၍ ဝင်ငွေအချို့ရရှိစေရန် တောထဲသို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဘိတ်–ထားဝယ်ခရိုင်တွင်လဲ ၂၀၂၃ ခုနှစ်၊ ဧပြီလတွင် မြေမြှုပ်မိုင်းဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ ဗမာစစ်တပ်ပူးပေါင်းတပ်ရင်းများဖြစ်သည့် တပ်ရင်းအမှတ် (၂၀၀)နှင့် (၂၅)၊ (ခမရ) အမှတ်(၂၆၇)နှင့် (၄၀၁) တို့မှစစ်သားများ မြိတ်–ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်၊ ပေါခလိုးဒေသ၊ ဂဘ––– ကျေးရွာသို့ စစ် ကြောင်းချီလာသော လမ်းကြောင်းဖြစ်သည့် ဂဘ––– ရွာရှိ သင်းအုပ်ဆရာတစ်ဦး၏ တဲရှေ့တွင် KTLA စစ်သားများမှ မြေမြှုပ်မိုင်း ထောင်ထားခဲ့ပါသည်။ ဗမာစစ်သားများသည် အဆိုပါမြေမြှုပ်မိုင်းအား ရှာဖွေတွေ့ရှိ၍ ဖျက်ဆီးပစ်ပြီးနောက် ထိုမိုင်းအား သင်းအုပ်ဆရာထောင် ထားသည်ဟုယူဆကာ ၎င်းအား သေနတ်ဖြင့်ပစ်ရန် ချိန်ရွယ်ခဲ့ပါသည်။ သင်းအုပ်ဆရာမှ အလွန်ကြောက်ရွံ့ခဲ့ပြီး ၎င်းအား ဗမာစစ်သားများမပစ်ရန် အကြောင်းမှန်ကိုရှင်းပြခဲ့ရပြီး တောင်းပန်ခဲ့ကာ အသက်ဘေးမှ လွတ်မြောက်ခဲ့ရသည်။ ၎င်းအနေဖြင့် သူ၏တဲတွင် KTLA စစ်သားများ မြေမြှုပ်မိုင်း လာထောင်ထားသည်ကိုမသိပဲ ဗမာစစ်တပ် စစ်သားများမှ မြေမြှုပ်မိုင်းအား ရှာဖွေတွေ့ရှိဖျက်ဆီးသည့်အချိန်မှသာ သိရှိခဲ့ရခြင်းဖြစ်သည်။

အထက်ပါ မြေမြှုပ်မိုင်းပေါက်ကွဲမှုဖြစ်စဉ်များကို ကြည့်လျှင်များသောအားဖြင့် ထိခိုက်ခံစားရသူများအနေဖြင့် လိုအပ်သည့်အကူအညီများရရှိရန် ကူညီမှုများပေးအပ်သည့် အဖွဲ့အစည်းများဖြင့် ချိတ်ဆက်နိုင်ခြင်း အားနည်းလျှက်ရှိနေသေးကြောင်း ထင်ရှားသည်။ ထို့ကြောင့် မြေမြှုပ်မိုင်းကြောင့် ထိခိုက်နစ်နာသူများအား အကူညီပေးအပ်လေ့ရှိသည့် အဖွဲ့အစည်းများအနေဖြင့် မြေမြှုပ်မိုင်းဒဏ်သင့် အရပ်သားပြည်သူများအား ပိုမိုထိရောက်သော နည်းလမ်းများအသုံးပြု၍ ကူညီမှုများလုပ်ဆောင်ပေးရန် လိုအပ်နေသေးသည်။ တစ်ဖက်တွင်လည်း လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် အရပ်သားပြည်သူများနေထိုင်သည့် နေရာများနှင့် အလွန်နီးသည့်နေရာများတွင် မြေမြှုပ်မိုင်းထောင်ခြင်းများ လုပ်ဆောင်မှုကို ရှောင်ကြဉ်ခြင်း၊ အရပ်သားပြည်သူများအနေဖြင့်လည်း လက်နက်ကိုင်အဖွဲ့အစည်းများမှ အသိပေးကန့်သတ်ထားသည့် နယ်မြေများသို့ သွားရောက်ခြင်းများ ရှောင်ကြဉ်ခြင်းအားဖြင့် မြေမြှုပ်မိုင်း၏ ဘေးထွက်ဆိုးကျိုးများကို လျှော့ချလာနိုင်မည်ဟု တင်ပြအပ်ပါသည်။

## ဗမာစစ်တပ်၏ စစ်ရေးလှုပ်ရှားမှု၊ လုယက်ခိုးယူခံရမှု၊ နေအိမ်များမီးရှို့ ဖျက်ဆီးခံရမှုနှင့် သွားလာမှုများအား ကန့်သတ်ပိတ်ပင်ခြင်း

### နေအိမ်များမီးရှို့ဖျက်ဆီးခြင်း

ဗမာစစ်တပ်သည် ကေအဲန်ယူထိန်းချုပ်နယ်မြေအတွင်း စစ်ရေးလှုပ်ရှားမှုများ ပိုမိုလုပ်ဆောင်လာကာ ဒေသခံပြည်သူများ၏ အခွင့်အရေးများအား ၎င်းတို့ဝင်ရောက်လှုပ်ရှားသည့်အချိန်များတွင် နည်းလမ်းမျိုးစုံဖြင့် ချိုးဖောက်လေ့ရှိသည်။ ဗမာစစ်တပ်များသည် ကျေးရွာများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ရွာသားများနေထိုင်ရာ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်းများနှင့် အိမ်အသုံးအဆောင်ပစ္စည်းများအား ဖောက်ထွင်းယူဆောင်ခြင်းများ ပြုလုပ်ကြသည်။ ထို့ပြင် ရွာသားများ၏ သွားလာလှုပ်ရှားမှုများကိုလည်း ပိတ်ပင်တားဆီးမှုများ ပြုလုပ်ကြသည်။ ဗမာစစ်တပ်များသည် ပုံမှန်အားဖြင့် တိုက်ပွဲဖြစ်ပွားချိန်များနှင့် ရွာသားများ တောတောင်များထဲတွင် ထွက်ပြေးတိမ်းရှောင်နေရစဉ်အချိန်များ၌ ရွာသားများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်လေ့ရှိသည်။

ဒူးပလာယာခရိုင်အတွင်း ၂၀၂၃ ခုနှစ်၊ ဧပြီလ ၅ ရက်မှ ၇ ရက်နေ့တွင် ဗမာစစ်တပ်များနှင့် KNLA ကျားသစ်နက် စစ်ကြောင်းတို့ကြား ကော်တရီမြို့နယ်၊ နို့ဖိုးအုပ်စု၊ မဲကနယ်ရွာတွင် တိုက်ပွဲဖြစ်ပွားခဲ့ပြီး

နောက် ဗမာစစ်တပ်များသည် နယ်ခြားစောင့်တပ်(BGF) တပ်ရင်းအမှတ် ၁၀၂၂ နှင့် ၁၀၁၉ တပ်များနှင့်ပူးပေါင်း၍ ကျေးရွာအတွင်းသို့ ဝင်ရောက်ကာ ရွာသားများ၏နေအိမ်များအား ဖျက်ဆီးခဲ့သည်။ တိုက်ပွဲဖြစ်ပွားနေစဉ်အတွင်း ထိုဒေသတွင်းရှိကျေးရွာမှ ရွာသားများ၏ အိမ်ခြေစုစုပေါင်း ၂၀၀ ကျော် ထိခိုက်ပျက်စီး၍ နေအိမ် ၁၂ လုံးကိုမူ ဗမာစစ်တပ်များမှ မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။ မဲကနယ်ရွာတွင်ဖြစ်ပွားခဲ့သည့် ၃ ရက်တာတိုက်ပွဲကာလနှင့် ဧပြီလတစ်လလုံးနီးပါးကာလအတွင်း ဗမာစစ်တပ်သည် ကော်နွဲ့ကျေးရွာအုပ်စု၊ မောမကျေးရွာအုပ်စု၊ ဟိုသဲဆီး(ဘုရားသုံးဆယ်) ကျေးရွာအုပ်စုနှင့် ဖလူးကျေးရွာ အုပ်စုတွင် နေ့စဉ်ညဆက် လက်နက်ကြီးပစ်ခတ်မှုများကြောင့် ဒေသခံရွာသားများသည် ကြောက်ရွံ့ထိန့်လန့်မှုများဖြင့် နေထိုင်ကြရသည်။

တောအူးခရိုင်တွင်လည်း ၂၀၂၃ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့၌ ဗမာစစ်တပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ် PDF တို့ သံတောင်မြို့၊ ၁၃ မိုင်ရှိရပ်ကွက်(၂)တွင် တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထိုတိုက်ပွဲသည် ကျေးရွာအတွင်းဖြစ်ပွားခြင်းဖြစ်သောကြောင့် ရွာသား ၂ ဦး သေဆုံးပြီး ထိခိုက်ဒဏ်ရာရရှိသူများလည်း ရှိခဲ့သည်။ ထို့ပြင် ဗမာစစ်တပ်များသည် ရပ်ကွက် (၂) ရှိ ရွာသားများ၏ နေအိမ် ၃ လုံးနှင့် ရပ်ကွက် (၃) ရှိ နေအိမ်တစ်လုံးအား ၎င်းတို့၏အိမ်များတွင် ကရင်အလံတော်ပုံများ ရေးဆွဲထားသောကြောင့် နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်ခဲ့သည်။ ထိုမီးရှို့ခံရသည့် နေအိမ်များ၏ နေအိမ်တစ်လုံးထံမှမီးများသည် ၎င်းနှင့်အိမ်နီးကပ်လျှက်ဖြစ်သည့် နေအိမ်တစ်လုံးသို့ မီးကူးစက်လောင်ကျွမ်းမှု ဖြစ်ပွားခဲ့ပြီး နေအိမ်စုစုပေါင်း ၅ လုံး မီးလောင်ပြာကျခဲ့ရသည်။ ဒေသခံများဖော်ပြ သည်မှာ ဗမာစစ်တပ်သည် နေအိမ်များ၌ ကရင်လူမျိုးများ၏အထိမ်းအမှတ်များဖြစ်သည့် ကရင်အလံတော်၊ ဖားစည်နှင့် ကျွဲချိုပုံရှိသည့် နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်ခဲ့သည်။

၂၀၂၃ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ဗမာစစ်တပ်သည် ဘိတ်ထားဝယ်ခရိုင်၊ လယ်ဒိုစိုးမြို့နယ်၊ ကလဲမူထီဒေသ၊ ရင်ကျေးရွာသို့ ဝင်ရောက်ခဲ့ပြီး ရွာသားများ၏ နေအိမ် ၆ လုံးအား မီးရှို့ဖျက်ဆီးခဲ့သည်။ ဗမာစစ်တပ်၏ နေအိမ်မီးရှို့ ဖျက်ဆီးခြင်းခံခဲ့ရသည့်ရွာသား ဦးဆဘ---ပြောပြသည်မှာ **“ကျွန်တော်အိမ် မီးရှို့ခံရတဲ့နေ့ကတည်းက ကျွန် တော်ထွက်ပြေးခဲ့တယ်...ချောင်းမြောင်းနဲ့ အနီးအနားကကျေးရွာတွေကိုဖြတ်ခဲ့ရတယ်... နောက် မိုးတွေကလဲတအားရွာတော့ လမ်းကမကောင်း ရေကကြီးတော့ သွားလာရတာ အရမ်းခက်ခဲတယ်...ကျွန်တော်ထွက်ပြေးလာကတည်းက ရွာကိုတစ်ခေါက်မှ ပြန်မရောက်သေးဘူး... အိမ်ကလည်းမရှိ ဗမာစစ်တပ်ကလည်း ရွာမှာကင်းလှည့် နေတော့ ပြန်လို့မဖြစ်သေးဘူး။ သူတို့က လူတစ်ယောက်ယောက်တွေ့တာနဲ့ ပစ်သတ်တာပဲ။ အခုက ရွာမှာ လူတစ်ယောက်မှ မရှိတော့ဘူး။ လူတိုင်းက ကိုယ့်အိမ်ကိုယ်ပြန်ချင်ကြတာချည်းပဲ။ စိတ်အရမ်းထိခိုက်တယ်”**

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့ ဗမာစစ်တပ် တပ်မ-၇၇ နှင့် တပ်မ-၁၁ လက်အောက်ခံတပ်များဖြစ်သည့် ခြေမြန်တပ်ရင်းအမှတ် ခမရ-၆၀၊ ခမရ-၃၅၁ နှင့် ခမရ-၂၁၁ ပူးပေါင်းတပ်များသည် ညောင်လေးပင်ခရိုင်၊ မူးမြို့နယ်၊ နိုကူကျေးရွာအုပ်စု၊ နိုကူကျေးရွာသို့ ဝင်ရောက်ခဲ့သည်။ ၎င်းတို့ ကျေးရွာအတွင်းဝင်ရောက်စဉ်တွင် KNLA တပ်သား ၅ ဦးထွက်ပြေးသည်ကို တွေ့မြင်သဖြင့် သေနတ်ဖြင့်ပစ်ခတ်ခြင်းများ ပြုလုပ်ခဲ့သည်။ ထို့နောက် ကျေးရွာအတွင်းရှိနေအိမ် ၂၇ လုံး၊ စပါးကျီ ၁၇ လုံးနှင့် ရွာသားများ၏ အသုံးအဆောင်ပစ္စည်းများဖြစ်သည့် ဆိုင်ကယ်၊ မီးစက်နှင့် ရွာသားများစုဆောင်းထားသည့် ထင်းများအား ဗမာစစ်တပ်မှ မီးရှို့ဖျက်ဆီးခဲ့သည်။ ထိုကဲ့သို့ ဗမာစစ်တပ်၏ လုပ်ဆောင်မှုကြောင့် ရွာသားများသည် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ကြရပြီး ၎င်းတို့၏နေအိမ်များသို့ မပြန်ရဲကြတော့ပေ။

## ရွာသားများ၏အိုးအိမ်ပိုင်ဆိုင်မှုများအား လုယက်ဖျက်ဆီးခြင်း

ကျေးရွာအတွင်း တိုက်ပွဲများဖြစ်ပွားပြီးနောက် ဗမာစစ်တပ်များသည် ကျေးရွာအတွင်းသို့ဝင်ရောက်ကြသဖြင့် ပုံမှန်အားဖြင့် ရွာသားများသည် တောတောင်များထဲသို့ ထွက်ပြေးပုန်းရှောင်ကြရပြီး ရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများအား သယ်ဆောင်သွားနိုင်ခြင်းမရှိကြပေ။ ရွာသားများသည် များသောအားဖြင့် အဝတ်တစ်စုံနှင့် စားစရာအ နည်းအကျဉ်းကိုသာယူဆောင်၍ ထွက်ပြေးကြလေ့ရှိသည်။ အိမ်အသုံး ဆောင်ပစ္စည်းများ၊ ဆန်နှင့် စာနပ်ရိက္ခာများကိုမူ ၎င်းတို့အသက်ရှင် သန်ရေးအတွက် ထွက်ပြေးကြရစဉ်တွင် သယ်ဆောင်နိုင်ကြခြင်းမရှိပဲ ချန်ထားခဲ့ကြရသည်။ ဗမာစစ်တပ်များသည် ရွာသားများ၏ အိမ်အသုံးအဆောင်ပစ္စည်းများ၊ စာနပ်ရိက္ခာများအား တွေ့ရှိပါက ဖျက်ဆီးခြင်း သို့မဟုတ် လုယူသယ်ဆောင်ခြင်းများ ပြုလုပ်ကြသည်။ ဖြစ်စဉ်များထဲမှ တစ်ခုဖြစ်သော ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက် သထုံခရိုင်၊ သထုံမြို့နယ်၊ ရွှေရောင်ပြကျေးရွာအုပ်စု၊ ခလောက်အင်းကျေးရွာနှင့် မရမ်းကုန်းကျေးရွာတွင် ဖြစ်ပွားခဲ့သောတိုက်ပွဲတွင် ဗမာစစ်တပ်သည် ကျေးရွာအတွင်းသို့ လက်နက်ကြီးဖြင့် ပစ်ခတ်သဖြင့် ရွာသားများသည် တောထဲသို့ ထွက်ပြေးတိမ်းရှောင်ကြရသည်။ ထိုသို့ ရွာသားများ တောထဲသို့ ထွက်ပြေးတိမ်းရှောင်ကြစဉ်တွင် ဗမာစစ်တပ်သည် ကျေးရွာအတွင်းသို့ဝင်လာ၍ ရွာသားများ၏ နေအိမ်များတွင် မွေးမြူထားသည့် ဆိတ်၊ ကြက် နှင့် အိမ်အသုံးအဆောင်ပစ္စည်းများအား အဓမ္မလု ယက်သယ်ဆောင်သွားကြသည်။ ဥစ္စာပစ္စည်းများ အဓမ္မလုယက်သယ်ဆောင်ခြင်းခံရသည့်ရွာသားမှာ ၃၅ ဦးရှိ၍ ရွာသား ၈ ဦး၏ နေအိမ်မှာမူ လက်နက်ကြီးကျည်ထိမှန်၍ ပျက်စီးခဲ့ရသည်။

ဘိတ်ထားဝယ်ခရိုင်၊ လယ်ဒိုစိုးမြို့နယ်၊ ကလဲမူထီဒေသ၊ ရင်ရွာသား ဦးအောင်လွင်ပြောပြသည်မှာ “ဗမာတပ်တွေက ရင်ရွာမှာ လာကြီးစိုးနေတယ်။ သူတို့လိုချင်တဲ့ပစ္စည်းမှန်သမျှ ယူကြတယ်။ ဗမာစစ်တပ်က ရွာတိုင်းကို အဲ့လိုပဲလုပ်တယ်။ အဲ့ဒီတုန်းက တိုက်ပွဲဖြစ်နေလို့ ကျွန်တော်တို့ ဘာမှပစ္စည်းမှ ယူလို့မရဘူး။ အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ အိမ်ကိုထားပြီး ကျွန်တော်တို့ထွက်ပြေးခဲ့ရတယ်”

အချို့သောဒေသများတွင် ဒေသခံရွာသားများသည် မြို့ပေါ်၌ စားနပ်ရိက္ခာများ သွားရောက်ဝယ်ယူနေစဉ်တွင် ဗမာစစ်တပ်၏ အဓမ္မလုယက်ခိုးယူခြင်းကို ရင်ဆိုင်ကြုံတွေ့ကြရသည်။ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၆ ရက် နံနက် ၉ နာရီအချိန်တွင် ညောင်လေးပင်ခရိုင်၊ ပေါ်ပိဒဲကျေးရွာအုပ်စု၊ ထီးတို့လို့(ကော့ပြင်း)ရွာမှ ရွာသားတစ်ဦးဖြစ်သော မောင်စ---သည် မုန်းမြို့ပေါ်မှ ဆန်ဝယ်ပြီးပြန်လာစဉ်တွင် ရေအိုးစင်ရွာတပ်စခန်းရှိ ခြေမြန်တပ်ရင်းအမှတ်-၅၉၀ ဗမာစစ်တပ်သည် ၎င်း၏ ဆန်

၃ အိတ်အား အဓမ္မလုယက်ယူဆောင်ခဲ့ကြသည်။ လမ်းခရီး၌ ဤကဲ့သို့ အဓမ္မလုယက်ယူဆောင်ခြင်းများ ဗမာစစ်တပ်မှ လုပ်ဆောင်နေသောကြောင့် ရွာသားများအနေဖြင့် မြို့ပေါ်တွင် စားနပ်ရိက္ခာများ သွားရောက်ဝယ်ယူကြရန်အတွက် ကြီးမားသည့်အခက်ခဲဖြစ်စေသည်။

### သွားလာမှုများအား ကန့်သတ်ပိတ်ပင်ခြင်း

ဗမာစစ်တပ်သည် ရွာသားများအား သွားလာခြင်းများ ကန့်သတ်၍ ဟန့်တားစစ်ဆေးမှုများလုပ်ဆောင်သည့်အတွက် ရွာသားများအနေဖြင့် လုပ်ကိုင်စားသောက်ရန်နှင့် ၎င်းတို့၏လုံခြုံရေးအတွက် အမှန်တကယ်အခက်အခဲများရှိကြောင်း ဒေသခံရွာသားများမှ တင်ပြကြသည်။ ဘိတ်ထားဝယ်ခရိုင်၊ လယ်မူလားမြို့နယ်၊ ပလောဒေသတွင် ဗမာစစ်တပ်သည် သွားလာမှုများအား ကန့်သတ်ပိတ်ပင်ထားသည့်အတွက် ရွာသားများအနေဖြင့် စားနပ်ရိက္ခာ၊ အသုံးအဆောင်ပစ္စည်းများ မြို့ပေါ်၌ သွားရောက်ဝယ်ယူရန် အခက်အခဲများ ရင်ဆိုင်ကြရသည်။ ဗမာစစ်တပ်အနေဖြင့် ရွာသားများအား မြို့ပေါ်၌ ရိက္ခာများ သွားရောက်ဝယ်ယူရန် လမ်းဖွင့်ပေးသည့်အခါတွင်လည်း တစ်ကြိမ်လျှင် ဆန်တစ်အိတ်၊ ဆီတစ်ပုလင်း၊ ကြက်ဥ ၁၀ လုံးထက်ပို၍ ရွာသားများအား သယ်ယူခွင့်မပေးပါ။ မြို့ပေါ်၌ဈေးသွား ရောက်ဝယ်ယူရန် အိမ်ထောင်စုတစ်စုကို တစ်လလျှင်တစ်ကြိမ်သာခွင့်ပြုပေးသည်။

ဒူးပလာယာခရိုင်ဘက်တွင်လည်း ဗမာစစ်တပ်မှ အရေးပေါ်စစ်အုပ်ချုပ်ရေးဥပဒေအရ သွားလာလှုပ်ရှားမှုများအား ကန့်သတ်ထားသဖြင့် ဒေသခံရွာသားများအနေဖြင့် ၎င်းတို့ခွင့်ပြုသတ်မှတ်ထားသည့်အချိန်များဖြစ်သည့် နံနက် ၆ နာရီ မှ ညနေ ၆ နာရီအတွင်း၌သာ ရှင်သန်လှုပ်ရှား သွားလာကြရသည်။ သတ်မှတ်ထားသည့်အချိန်ထက် မိနစ်အနည်းငယ်ကျော်လွန်သော ဒေသခံရွာသားများကိုမူ ဗမာစစ်တပ်မှဖမ်းဆီး၍ ထောင်ချခြင်းများလုပ်ဆောင်ပြီး အချို့ ရွာသားများမှာမူ မည်သည့်သတင်းအစအနမျှ မကြားရတော့ပေ။ အရေးပေါ်စစ်အုပ်ချုပ်ရေးဥပဒေသည် စစ်အာဏာရှင်ကိုတွန်းလှန်နေသည့် လက်နက်ကိုင်တပ်ဖွဲ့များအား နှိမ်နင်းရန်အဓိကဦးတည်သော်လည်း ထိုဥပဒေကြောင့် ကျေးလက်နေပြည်သူများသာ ဗမာစစ်တပ်၏ နှိပ်စက်ညှဉ်းပန်းခြင်းများကို ခံစားကြရသည်။ ဒူးပလာယာ ခရိုင်၊ နို့တကောမြို့နယ်၊ တခကလိုးကျေးရွာအုပ်စု၊ တခကလိုးကျေးရွာမှ ရွာသားဖြစ်သည့် ဆ---သည် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ ညနေ ၆း၁၅ မိနစ်အချိန်၌ အလုပ်မှပြန်လာနောက်ကျသဖြင့် ဖမ်းဆီးခြင်း ခံခဲ့ရသည်။ ထိုသို့ဖမ်းဆီးပြီးနောက် ၎င်းအား ဘားအံမြို့အနီးရှိ တောင်ကလေးထောင်တွင် ၆ လ ထောင်ချခဲ့သည်။ သူ့အား အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၆ လ ကျခံရန် ချမှတ်ခဲ့ပြီးနောက် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် ပြန်လည်လွတ်မြောက်ခဲ့သည်။

## လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ

၂၀၂၃ ခုနှစ်၊ မတ်လ နှင့် ဩဂုတ်လ အတွင်း ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ သက်ငယ်မုဒိမ်းမှုဖြစ်ရပ်(၂)ခုနှင့် မုဒိမ်းကျင့်ရန်ကြိုးပမ်းအားထုပ်မှု ဖြစ်ရပ်(၁)ခုကို ဒူးပလာယာခရိုင်မှ လက်ခံရရှိခဲ့ပါသည်။ ဤလိင်ပိုင်းဆိုင်ရာအဓမ္မပြုကျင့်ခြင်းကို ကျူးလွန်သူများသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကိုခံစားရသူများ၏ အိမ်နီးနားချင်းများဖြစ်ကြပါသည်။ ယခုလက်ရှိတွင် သက်ငယ်မုဒိမ်းမှုကို ကျူးလွန်ခံရသောမိန်းကလေးငယ်နှစ်ဦးအား ကရင်အမျိုး သမီးအစည်းအရုံး (KWO) မှ ကြည့်ရှုစောင့်ရှောက်သောနေရာတွင် စောင့်ရှောက်ထားပါသည်။ ပြစ်မှုကျူးလွန်သူကိုမူ ကရူတူး(ကျုံဒိုး)မြို့နယ် ကရင်အမျိုးသားရဲတပ်ဖွဲ့(KNPF) ရဲအရာရှိများမှဖမ်းဆီးထိန်းသိမ်းထားပြီး အမှုကိုရင်ဆိုင်ဖြေရှင်းနေရပါသည်။ သို့သော် မုဒိမ်းပြုကျင့်ရန် ကြိုးပမ်းအားထုတ်သည့် ပြစ်မှုဖြစ်စဉ်မှာမူ ယခုချိန်ထိ နယ်ခြားစောင့်တပ် (BGF) မှ တာဝန်ယူကိုင်တွယ်ခြင်း မရှိသေးကြောင်းသိရသည်။ ထို့ကြောင့် ဤအမှုမှာ ရှေ့မတိုးနှောက် မဆုတ်ဘဲဖြစ်နေသည်။

### သက်ငယ်မုဒိမ်းမှု၏ဖြစ်စဉ်

ဤသက်ငယ်မုဒိမ်းမှုဖြစ်စဉ်တွင် ကျူးလွန်ခံရသော နော်ဆစ--- နှင့် နော်ဆဆ---တို့သည် အသက် (၁၂) မပြည့်သေးသည့် တစ်ရွာတည်းနေသူငယ်ချင်းများ ဖြစ်ကြပြီး သုံးတန်းကျောင်းသူများဖြစ်ကြသည်။ ၎င်းတို့သည် မိဘဖြစ်သူ များနှင့်အတူ ဒူးပလာယာခရိုင်၊ ကရူးတူး(ကျုံးဒိုး)မြို့နယ်၊ ဝေးသလွဲကျေးရွာအုပ်စု၊ ဂမ---ကျေးရွာတွင် နေထိုင်ကြသူများဖြစ်သည်။ ၂၀၂၃ ခုနှစ်၏ တစ်နေ့သော နွေရာသီကျောင်းပိတ်အချိန်တွင် အသက်(၆၀) အရွယ်ရှိ အိမ်နီးချင်းဖြစ်သူ စောမောင်တဲသည် ထိုမိန်းကလေးငယ်နှစ်ဦးအား ၎င်း၏အိမ်သို့အလည်ခေါ်၍ ရေတိုက်ခဲ့သည်။ ထိုတိုက်လိုက်သောရေသည် သမားရိုးကျသာမန်ရိုးရိုးရေမဟုတ်ပါ။ အကြောင်းမှာ ထိုရေကိုသောက်လိုက် ပြီးနောက် ထိုမိန်း ကလေးငယ်နှစ်ဦးသည် လည်ချောင်းယားနာခြင်း၊ ခေါင်းကိုက်ခေါင်းမူးခြင်း လက္ခဏာများကို ခံစားကြရပြီး ထိုရေသည်လည်း ဆေးအနံ့ရသည်ဟု အင်တာဗျူးများတွင် ဖြေဆိုခဲ့သည်။ ထိုရေသည် စိတ်ကြွဆေး ပြား(မြင်းဆေး) ဖြစ်သည်ဟု နော်ဆဆ--- ၏မိခင်ဖြစ်သူက ထင်မြင်ကောက်ချက်ချသည်။ အဘယ်ကြောင့်ဆိုသော် နော်ဆဆ---၏ မိခင်သည် စောမောင်တဲစိတ်ကြွဆေးသုံးသည်ကို ယခင်ကတွေ့မြင်ဖူးခဲ့သော ကြောင့်ဖြစ်သည်။ ထိုသို့ ဆေးခပ်ထားသောရေကို မိန်းကလေးငယ်နှစ်ဦးအားတိုက်ပြီးသောအခါ စောမောင်တဲသည် ၎င်း၏အိမ်ပေါ်သို့ ပွေ့ချီသွား၍ လက်နှင့်ခြေထောက်များကို ကြိုးဖြင့်ချည်ပြီးနောက် မိန်းက လေးငယ်နှစ်ဦးအား တစ်ယောက်ပြီး တစ်ယောက် အဓမ္မပြုကျင့်ခဲ့သည်။ ထိုသို့အဓမ္မပြုကျင့်စဉ်တွင် မိန်းကလေးငယ်နှစ်ဦးမှာ ထိတ်လန့်ကြောက်ရွံ့ သောကြောင့် ကြိုးစား၍အော်ဟစ်အကူညီတောင်းကြသည့်အခါတွင် ထိုမိန်းကလေးငယ်နှစ်ဦး၏ပါးစပ်များကို စောမောင်တဲသည် ၎င်း၏လက်ဖြင့် ပိတ်ထားခဲ့ပြီး ကျူးလွန်ခဲ့သည်။ ထို့နောက် မူးယစ်စေသောရေကို သောက်သုံးမိခဲ့သော မိန်းကလေးငယ် နှစ်ဦးသည် ဟစ်အော်၍ အကူအညီတောင်းဖို့ရန်

အင်အားမရှိတော့ပေ။ ထိုမိန်းကလေငယ်နှစ်ဦးသည် ၎င်းတို့၏ မိဘများကိုအား သူတို့ကြုံတွေ့ခံစားခဲ့ရသော မတရားအဓမ္မကျင့်ခံရမှုကို ဖွင့်မပြောပြရဲခဲ့ကြပါ။ ထိုကျူးလွန်မှု ပထမအကြိမ်ကို စောမောင်တဲ၏နေအိမ်တွင် ကျူးလွန်ခဲ့ခံခဲ့ရခြင်းဖြစ်ပြီး ဒုတိယအကြိမ်ကျူးလွန်မှုများကိုမူ သီးခြားနေရာများတွင်ထပ်မံကျူးလွန်ခံခဲ့ကြရသည်။

ပထမအကြိမ်ကျူးလွန်ပြီး ရက်အနည်းငယ်ကြာပြီးနောက် နော်ဆဆ---သည် ရွာ၏တောကျသောနေရာတွင် ဆော့ကစားနေစဉ် စောမောင်တဲသည် သူမကိုအဝေးမှမြင်တွေ့၍ သူမကိုလှမ်းခေါ်ခဲ့သည်။ ထို့ကြောင့် နော်ပ---သည် စောမောင်တဲအနီးသို့ သွားရောက်ခဲ့ပြီးနောက် ပြန်မည်ဟုလုပ်စဉ် သူမအား စောမောင်တဲမှ ဖမ်းယူဆွဲခေါ်၍ ထိုနေရာတွင်တွန်းလဲကာ အဓမ္မပြုကျင့်ခဲ့ပြန်သည်။

နော်ဆစ--- ကိုမူ သူမ၏ဖခင်သည် နော်ဆစ---နှင့် ၎င်း၏ မောင်ဖြစ်သူအပြင် စောမောင်တဲကိုခေါ်၍ ရွာအပြင်ဒ္ဓ နွားကြောင်းသွားစဉ် ကျူးလွန်ခံခဲ့ရခြင်းဖြစ်သည်။ ဖြစ်စဉ်မှာ နော်ဆစ--- ၏ ဖခင်ဖြစ်သူမှ နော်ဖ---နှင့် ၎င်း၏မောင်ဖြစ်သူတို့အား ချောင်းအတွင်း၌ ရေများရှိမရှိ သွားရောက်ကြည့်ရှုခိုင်းခဲ့ပြီးနောက် သားဖြစ်သူမှ ဖခင်ဖြစ်သူအားပြန်လည်အသိပေးရန် ဖခင်ဖြစ်သူထံပြန်သွားခဲ့သည်။ ထိုစဉ် နော်ဆစ--- သည်လည်း ၎င်း၏မောင်ဖြစ် သူနောက်သို့ လိုက်သွားမည်ဟုလုပ်စဉ်တွင် သူမ၏ခြေထောက်ကို စောမောင်တဲမှ လက်ဖြင့်အားပါပါဖမ်းဆုပ်ကိုင်ခဲ့သောကြောင့် သူမအနေဖြင့် မရုန်းကန်အနိုင်ပေ။ သို့သော် စောမောင်တဲမှ သူမအား ထိုအချိန်တွင် အဓမ္မကျူး လွန်ခဲ့ခြင်းမရှိပဲ ထိုနေ့ သူမ၏မောင်လေး ထိုချောင်းအတွင်း၌ ရေပြန်လာချိုးသည့်အချိန်မှသာ သူမအား ဒုတိယအကြိမ် ထပ်မံကျူးလွန်ခဲ့ခြင်းဖြစ်သည်။

ယခုလက်ရှိတွင် ထိုမိန်းကလေးငယ်နှစ်ဦးအား KWO မှ ကြည့်ရှုစောင့်ရှောက်သော နေရာတွင် စောင့်ရှောက်ထားပါသည်။ ပြစ်မှုကျူးလွန်သူကိုမူ ကရင်ပြည်နယ်ကော့ကရိတ်မြို့နယ် (KNPF)ရဲ့အရာရှိများမှဖမ်းဆီးထိန်းသိမ်းထားပြီး အမှုကိုရင်ဆိုင်ဖြေရှင်းနေပါသည်။ ဤအဓမ္မမှုကိုကြုံတွေ့ခံစားခဲ့ရသူ မိန်းကလေးငယ်များအနေဖြင့် ပြစ်မှုကျူးလွန်သူအား သေဒဏ်ပေးရန် စိတ်ဆန္ဒရှိကြသည်။ အကယ်၍ သေဒဏ်မပေးပါက ပြစ်မှုကျူးလွန်သူအနေဖြင့် ၎င်းတို့၏မိသားစုဝင်များကို ပြန်လည်ရန်ပြုသတ်ဖြတ်မည်ကို စိုးရိမ်ကြသောကြောင့်ဖြစ်သည်။

## အဓမ္မပြုကျင့်ရန် ကြိုးပမ်းခံခဲ့ရမှုဖြစ်စဉ်

၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၃ ရက် ည (၁) နာရီခွဲအချိန်တွင် ဒူးပလာယာခရိုင်၊ ကောကရိတ်မြို့နယ်၊ ကျိုက်ဒုံမြို့၊ အမှတ် (၁) ရက်ကွက်တွင် နေထိုင်သော အိမ်ထောင်သည်အသက် (၁၉)နှစ်ရှိ မဆဇ--- သည် ၎င်းနေအိမ်ပေါ်၌ သူမ၏(၇)လသား အရွယ်ရင်သွေးနှင့်အတူ အိပ်မောကျနေစဉ် ၎င်း၏အိမ်နီးချင်းဖြစ်သူ မောင်အောင်ဆန်းသည် သူမအား အဓမ္မပြုကျင့်ရန် သူမ၏နေအိမ်ပေါ်သို့တက်လာပြီး ခြင် ထောင်ထဲသို့ ဝင်ကာ အိမ်မောကျနေသောသူမအား တင်းကြပ်စွာ ဖက်ထားကာ၊ ဦးခေါင်းကို လက်ဖြင့်ချိုးခေါက်ထားပြီး သူမရုန်းကန်ပါက ဓားနှင့်ထိုးသတ်မည်ဟု ပြောဆိုခြိမ်းခြောက်ခြင်းများ ပြုလုပ်ခဲ့ပါသည်။

ထိုသို့အတန်တန်ခြိမ်းခြောက်နေသော်လည်း မဆဇ---သည် အလွန်အမင်းရုန်းကန်သောအခါ မောင်အောင်ဆန်း၏ လက်သည် နံဘေး၌အိပ်နေသော မဆဇ---၏ (၇)လသားအရွယ် ကလေးငယ်အား ဖိမိသဖြင့် ကလေးသည် (လန့်နိုးပြီးအော်ဟစ်) ငိုလေသည်။ ထိုအခါ မောင်အောင်ဆန်းသည် သူ့အတွက် လုံခြုံမှုမရှိသောကြောင့် အိမ်ပေါ်မှ ပြေးဆင်းသွားခဲ့သည်။ မဆဇ--- ၏အိမ်မှာ (၇)လသားအရွယ်ကလေးရှိသောအိမ်ဖြစ်၍ သူမ၏အိမ်တွင် မီးကိုအစဉ်အမြဲထွန်းထားရသောကြောင့် မောင်အောင်ဆန်း၏မျက်နှာအား သူမအနေဖြင့် ရှင်းလင်းစွာမြင်ခဲ့ရသည်။

ထို့ကြောင့် နောက်တစ်နေ့မနက်၌ မဆဇ---သည် ရပ်ကွက်အုပ်ချုပ်ရေးမှူးထံသို့ ဖြစ်စဉ်ကို ကိုယ်တိုင် တိုက်ရိုက်တိုင် ကြားခဲ့သည်။ ထိုသို့တိုင်ကြားခဲ့သော်လည်း မောင်အောင်ဆန်းသည် မိမိမဟုတ်ကြောင်း ငြင်းဆိုထားသောကြောင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးသည် ထိုအမှုအားဖြေရှင်းရန် နေ့ရွှေ့ညရွှေ့ လုပ်နေခဲ့သည်။

ထို့နောက် ၂၀၂၃ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးသည် မဆဇ---၏မိသားစုအား ခေါ်တွေ့ကာ ဤမှုခင်းအားကြေအေးပေးလျှင်ကောင်းမည်ဖြစ်ကြောင်းနှင့် မကြေအေးလျှင်လည်း အမှုရှုံးမည်ဟု ပြောကြားခဲ့သည်။ ဤသို့ ခေါ်ယူပြောဆိုမှုကို မဆဇ---သည် လက်မခံနိုင်သောကြောင့် လွဲစာတောင်း သော်လည်း ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ လွဲစာမပေးဘဲနေခဲ့သည်။ အကယ်၍ လွဲစာအားရရှိပါက ကရင်အမျိုးသားအစည်းအရုံး (KNU) အုပ်ချုပ်ရေးဘက်သို့ အမှုအားတိုင်ကြားသွားမည်ဟု သူမအနေဖြင့်ရည်ရွယ်ထားခဲ့ပါသည်။

သို့သော် ရပ်ကွက်အုပ်ချုပ်ရေးမှူးသည် ဤအမှုအား နယ်ခြားစောင့်တပ် (BGF) ထံသို့သာ လွှဲပြောင်းစေလိုသောကြောင့် မဆဇ---အားခေါ်၍ BGF ထံသို့ အမှုကိုလွှဲပြောင်းပါမည်ဟူသည့် သဘောတူကတိလက်မှတ်ရေးထိုးစေခဲ့သည်။ အကယ်၍ သဘောတူကတိလက်မှတ် ရေးထိုးခြင်းမရှိပါက ဤအမှုသည် သရေဖြစ်မည်ဖြစ်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ ခြိမ်းခြောက်ပြောဆိုသောကြောင့် မဆဇ---မှ သဘောတူလက်မှတ်ရေးထိုးခဲ့ရသည်။ သို့သော် ဤအမှုသည်သည်ယခုချိန်ထိ BGF မှ တာဝန်ယူကိုင်တွယ်ခြင်း မရှိသေးကြောင်းသိရသည်။ ထို့ကြောင့် ဤအမှုမှာ ရှေ့မတိုးနောက်မဆုတ်ဘဲဖြစ်နေသည်။

အသိပေးခြင်း

**ဗမာစစ်သား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(SAC)အား ကရင်ပြည်နယ်တွင်းရှိဒေသခံရွာသားများမှ ဗမာစစ်တပ် (သို့မဟုတ်) ဗမာစစ်သား၊ ဗမာစစ်အာဏာရှင် (သို့မဟုတ်) မြန်မာနိုင်ငံစစ်တပ် (သို့မဟုတ်) နိုင်ငံတော်စစ်အစိုးရဟု သိရှိခေါ်တွင်ခဲ့သည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သော မြန်မာနိုင်ငံစစ်တပ်မှတိုင်းပြည်အာဏာသိမ်းပြီးသည့်အချိန်မှစ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ဟု ၎င်းတို့ကိုယ်ကိုခေါ်တွင်ခဲ့သည်ဖြစ်သောကြောင့် ယခုသတင်းလွှာရေးသားသည့်အခါတွင်လည်း နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ (SAC) ဟု ရေးသားဖော်ပြထားခြင်းဖြစ်သည်။

# ဗမာစစ်တပ်မှ လက်နက်ကြီးပစ်ခတ်ခြင်း

KHRG ၏မှတ်တမ်းများအရ ၂၀၂၃ ခုနှစ်၊ ဧပြီလမှ ဩဂုတ်လအကြား KHRG ၏လုပ်ငန်းဆောင်ရွက်ရာ နယ်မြေ(၇)ခရိုင်မှ (၆)ခရိုင်အတွင်းတွင် ဗမာစစ်တပ်အနေဖြင့် အရပ်သားများနေထိုင်သည့် နေရာများအတွင်းသို့ လက်နက်ကြီးများဖြင့်ပစ်ခတ်ခြင်းသည် လူ့အခွင့်အရေးချိုးဖောက်မှုများထဲမှ အဖြစ်များဆုံးသောအရာတစ်ခုဖြစ်ပါသည်။ ဗမာစစ်တပ်မှ ဤလူ့အခွင့်အရေးချိုးဖောက်မှုများကို နိုင်ငံတော်အာဏာသိမ်းယူပြီးသည့်အချိန်မှစတင်ကာ ယနေ့အချိန်အထိပြုလုပ်လာခဲ့ပါသည်။ ဗမာစစ်တပ်မှ လက်နက်ကြီးပစ်ခတ်ခြင်းသည် တိုက်ပွဲဖြစ်ပွားချိန်၊ PDF နှင့် KNLA စစ်သားများ၏ ပစ်ခတ်ခံရချိန်တို့တွင် ဖြစ်ပါသည်။ တခါတရံ ရွာသားများသည် မည်သည့်အကြောင်းအရာများဖြစ်ပွားခဲ့သည်ကို သိရှိရခြင်းမရှိပဲ ဗမာစစ်တပ်၏ ရမ်းသမ်းပစ်ခတ်ခြင်းကိုလည်း ခံရကြပါသည်။ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်ဆံများသည် ရွာသားများ၏ အသက်မွေးဝမ်းကျောင်းပြုသည့် လယ်ယာနှင့် စိုက်ခင်းများတွင်ကျရောက်သည့်အပြင် ရွာနှင့်နီးသောနေရာများနှင့် ကျေးရွာထဲ၌ပါ ကျရောက်ကြပါသည်။ ထိုကြောင့် ဒေသခံရွာသားများ အထူးသဖြင့် ဗမာစစ်တပ်စခန်းအနီးတွင်နေထိုင်ကြသောရွာသားများသည် အသက်အန္တရာယ်ခြိမ်းခြောက်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ထိခိုက်ခြင်း၊ သေဆုံးခြင်း၊ ထွက်ပြေးတိမ်းရှောင်နေရခြင်းအပြင် ၎င်းတို့၏ ပိုင်ဆိုင်မှုများဖြစ်သည့် အိမ်မွေးတိရိစ္ဆာန်များ၊ စိုက်ပျိုးပင်များ၊ လယ်ယာများ၊ အိမ်များ၊ ကျောင်းနှင့် ဘာသာရေးအဆောက်အဦးများများစွာပျက်စီးဆုံးရှုံးခဲ့ရပါသည်။ ဤကဲ့သို့ ဗမာစစ်တပ်မှ လက်နက်ကြီးကျည်ဆံပစ်ခတ်မှုများသည် ခရိုင်(၆)ခုဖြစ်သည့် ဒူးသထူ၊ တောအူး၊ ခလယ်လွီထူ၊ ဘိတ်-ထားဝယ်၊ မူတြော်နှင့် ဒူးပလာယာခရိုင်တို့တွင် ဖြစ်ပွားခဲ့ပါသည်။ KHRG မှ လက်ခံရရှိသော ကိန်းဂဏန်းအရေအတွက်ကို အောက်တွင်ဖော်ပြထားပါသည်။ သို့သော် KHRG မှ သွားရောက်မှတ်တမ်းပြုစု နိုင်ခြင်းမရှိသည့်အချက်အလက်များစွာ ကျန်ရှိနေသေးပါသည်။

## သထုံခရိုင်

ဗမာစစ်တပ်မှ လက်နက်ကြီးကျည်ဆံ (၈၁) မမ နှင့် (၁၂၀) မမတို့ကို ရွာသားများနေထိုင်ရာကျေးရွာများဖြစ်သည့် သထုံရိုင်၊ ဘီးလင်းမြို့နယ်နှင့် သထုံခရိုင်ရှိဒေသများတွင် အကြိမ်ပေါင်းများစွာ ပစ်ခတ်ခြင်းဖြင့် လူ့အခွင့်အရေးချိုး ဖောက်မှုကျူးလွန်ခဲ့ကြောင်း KHRG မှ မှတ်တမ်းပြုစုခဲ့ပါသည်။ ဗမာစစ်တပ်မှ ပစ်ခတ်သောလက်နက်ကြီးကျည်ဆံသံကို နေစဉ်ကြားရကြောင်း ရွာသားများမှ ပြောပြခဲ့ပါသည်။ လက်နက်ကြီးကျည်ဆံပစ်ခတ်မှုအကြိမ်ပေါင်းများစွာအတွင်း ပစ်ခတ်မှု (၅) ကြိမ်သည် ကြီးမားစွာဖြစ်ပွားခဲ့ပြီး သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ ရွာသားများ၏နေအိမ်နှင့် ဘာသာရေးအဆောက်အဦးများပျက်စီးဆုံးရှုံးခြင်းအပြင် ကြောက်ရွံ့ခြင်းကိုပါဖြစ်ပေါ်စေခဲ့ပါသည်။ ဤကြီးမားသည့် ပစ်ခတ်မှု (၅) ကြိမ်အတွင်း ဗမာစစ်တပ်မှ လက်နက်ကြီးကျည်ဆံ(၁၉)လုံး ပစ်ခတ်ခဲ့ပြီး (၁၉) လုံးပေါက်ကွဲသွားခဲ့ပါသည်။ ထို့ကြောင့် လက်နက်ကြီးကျည်ဆံအပိုင်းအစများထိမှန်မှုကြောင့် ရွာသား (၃)ဦး သေးဆုံးပြီး ရွာသား(၁၄)ဦး ထိခိုက်ဒဏ်ရာရရှိသည့်အပြင် ရွာသားများ၏ နွား(၂)ကောင် သေဆုံးပြီး နွား(၄)ကောင် ဒဏ်ရာရရှိကာ လူနေအိမ်(၂)လုံးနှင့် ဘုန်းကြီးကျောင်း(၂)လုံးလည်းပျက်စီး၍ အိုးကြီး(၁)လုံး ပျက်စီးသွားခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ မေလ ၂၇ ရက်နေ့ မနက် ၉း၀၀ နာရီတွင် ဗမာစစ်တပ်၏အမြောက်တပ်ရင်း အမှတ် (၃၁၄) မှ လက်နက်ကြီးကျည်ဆံ(၇)လုံးဖြင့် သထုံမြို့နယ်၊ ရွှေရောင်ပြကျေးရွာအုပ်စု၊ ဂယ--- ရွာသို့ ပစ်ခတ်ခဲ့ပါသည်။ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်ဆံ(၇)လုံးထဲမှ(၂) လုံးသည် သထုံမြို့နယ်၊ ရွှေရောင်ပြကျေးရွာအုပ်စု၊ ဂရ--- ကျေးရွာရှိ ဘုန်းကြီးကျောင်းခြံဝင်းထဲသို့ကျရောက်ပေါက်ကွဲကာ ရွာသား (၅) ဦးထိခိုက်ဒဏ်ရာရရှိပြီး ဘုန်းကြီးကျောင်းအဆောက်အဦး (၂) လုံးနှင့် အိုးကြီး(၁)လုံး ပျက်စီးသွားခဲ့ပါသည်။ ပစ်လိုက်သည့် အခြားလက်နက် ကြီးကျည်ဆံ (၂) လုံးသည် ရွှေရောင်ပြကျေးရွာအုပ်စုရှိ သုသာန်သို့ကျရောက်ပေါက်ကွဲသွားခဲ့သော်လည်း မည်သည့်ထိခိုက်မှုမှ မရှိခဲ့ပါ။ သို့သော် ပစ်ခတ်လိုက်သည့် အခြားလက်နက်ကြီးကျည်ဆံ (၃) လုံးသည် ဒေါက်ရပ်ကျေးရွာအုပ်စု၊ ဒေါက်ရပ်ကျေးရွာသို့ ကျရောက်ကာ (၁) လုံးသည်ပေါက်ကွဲခြင်းမရှိပဲ ကျန်(၂)လုံးမှာ ပေါက်ကွဲသွားသဖြင့် စောဆည--- (၁၅)နှစ်နှင့် စောဆတ--- (၁၅)နှစ်တို့ သေဆုံးသွားခဲ့ပြီး ရွာသား၏နေအိမ် (၁) လည်း လုံးပျက်စီးသွားခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် ဗမာစစ်တပ်၏ခြေမြန်တပ်ရင်းအမှတ် (၃၁၄) စစ်တပ်မှ ပစ်ခတ်လိုက်သော လက်နက်ကြီးကျည်ဆံ (၁)လုံးသည် ရွှေရောင်ပြ ကျေးရွာအုပ်စု၊ င--- ကျေးရွာသို့ ကျရောက်ပေါက်ကွဲကာ ရွာသား (၆)ဦး ထိမှန်ဒဏ်ရာရရှိသွားခဲ့ပါသည်။ ထို့အပြင် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့ မနက် (၅) နာရီမှ (၁၀း၃၀) အချိန်အထိ ဗမာစစ်တပ် ခြေမြန်တပ်ရင်းအမှတ်(ခမရ-၉)မှ ဒူးသထူခရိုင်၊ ဝီယော်ကျေးရွာအုပ်စု၊ ဂရ--- ကျေးရွာသို့ လက်နက်ကြီးကျည်ဆံ (၄)လုံးပစ် ခတ်လိုက်သဖြင့် ရွာသား (၄) ဦးထိမှန် ဒဏ်ရာရရှိသွားခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့တွင် သိမ်ဇရပ်မြို့ရဲစခန်းရှိ ဗမာစစ်တပ်မှ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်ဆံ (၆၀) မမ (၅)လုံးသည် ဂဝ--- ကျေးရွာသစ်၊ လမ်းအမှတ် (၈)သို့ ကျရောက်သွားခဲ့ပါသည်။ ဗမာစစ်တပ်မှ ပစ်ခတ်လိုက်သည့်လက်နက်ကြီးကျည်ဆံ (၅) လုံးထဲမှ (၄) လုံးပေါက်ကွဲသွားခဲ့ပြီး (၁) လုံးမှာမပေါက်ကွဲခဲ့ပါ။ ပေါက်ကွဲသွားသည့်လက်နက်ကြီးကျည်ဆံ အပိုင်းအစများကြောင့် ရွာသား (၁) ဦးထိမှန်သေဆုံးသွားခဲ့ပြီး (၄)ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့ပါသည်။ ၎င်းတို့ထဲတွင် အသက် (၅) နှစ်သာရှိသေးသည့် မိန်းကလေး (၁) ဦးပါ ဝင်ပါသည်။

## တောအူးခရိုင်

တောအူးခရိုင်တွင်လည်း ဗမာစစ်သားများမှ အရပ်သားများနေထိုင်သည့် ကျေးရွာများထဲသို့ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းများ

စွာ ဖြစ်ပွားခဲ့သော်လည်း KHRG မှ လက်နက်ကြီးပစ်ခတ်မှု (၁)ခုကိုသာ လက်ခံရရှိခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင် ထောတထူမြို့နယ်၊ ဒေးလော်မူနူကျေးရွာအုပ်စု၊ ဂသ---ကျေးရွာသို့ ဗမာစစ်တပ်မှ လက်နက်ကြီးပစ်ခတ်ခဲ့ချိန်တွင် ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်ဆံအပိုင်းအစများကြောင့် ရွာသား (၁) ဦးထိမှန်သေဆုံးခဲ့ပြီး အခြား (၄) ဦးထိခိုက်သွားခဲ့ပါသည်။

## ခလယ်ထွီထူခရိုင်

KHRG မှ ၂၀၂၃ ခုနှစ်၊ သြဂုတ်လတွင် ဗမာစစ်တပ်၏ လက်နက်ကြီးပစ်ခတ်သည့်နေရာများ ပိုမိုချထားပြီး KNLA သို့မဟုတ် PDF စစ်သားများနေထိုင်သည်ဟု ထင်သည့်နေရာများကိုလက်နက်ကြီးများဖြင့်ပစ်ခတ်ခဲ့ပါသည်။ တခါတရံ ဗမာစစ်တပ်သည် ရွာသားများ၏ နေထိုင်ရာတဲနှင့် ကျေးရွာတွင်းအပြင် အသက်မွေးကျောင်းပြုသည့် နေရာများကိုပါ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ပါသည်။ ဗမာစစ်တပ်မှ ပစ်ခတ်လိုက်သော လက်နက်ကြီးကျည်ဆံများသည် KNLA သို့မဟုတ် PDF စစ်သားများနေရာသို့ကျသော်လည်း အများအားဖြင့် ၎င်းတို့ပစ်ခတ်သောလက်နက်ကြီးကျည်ဆံများသည် ကျေးရွာအတွင်းနှင့် ရွာသားများအသက်မွေးဝမ်းကျောင်းပြုရာနေရာများတွင် ကျရောက်သောကြောင့် စိုးရိမ်ကြောက်ရွံ့မှု၊ ထွက်ပြေးတိမ်းရှောင်နေရမှု၊ သေဆုံးမှု၊ ထိခိုက်ဒဏ်ရာရရှိမှု၊ အိမ်ယာပိုင်ဆိုင်မှု၊ စိုက်ပျိုးပင်များနှင့် လုပ်ကိုင်စားသောက်ရာနေရာများပျက်စီးမှုအပြင် အိမ်မွေးတိရိစ္ဆာန်များ ထိမှန်သေဆုံးမှုတို့ကိုပါဖြစ်ပေါ်စေခဲ့ပါသည်။ KHRG မှ ဗမာစစ်တပ်၏ ကျေးရွာများနှင့် အသက်မွေးဝမ်းကျောင်းပြုရာ နေရာများသို့ လက်နက်ကြီးပစ်ခတ်မှုအကြိမ်ပေါင်း (၂၂)ကြိမ်ကို မှတ်တမ်းပြုစုနိုင်ခဲ့ပါသည်။ ထိုပစ်ခတ်မှုများတွင် ရွာသား (၄) ဦးသေဆုံးသွားခဲ့ပြီး (၁၀) ဦးထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့ ညနေ (၅) နာရီအချိန်တွင် ဆိပ်ကြီးနှင့် ဘေးမတောနေရာရှိ ဗိုလ်ကြီး စရာလင်းနှင့် တပ်ကြပ်ကြီးနေထက်အောင်ဦးဆောင်သည့် ဗမာစစ်တပ်သည် လယ်ဒိုမြို့နယ်၊ သေ့ဝေါ်ဒဲကျေးရွာအုပ်စု၊ ဂဟ---ကျေးရွာသို့ လက်နက်ကြီးကျည်ဆံ (၇) လုံးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့ပါသည်။ ထို့ကြောင့် လက်နက်ကြီးကျည်ဆံအပိုင်းအစများသည် ရွာသား (၅)ဦးကို ထိမှန်သွားခဲ့ကြကာ (၃)ဦးကို လယ်ဒိုမြို့ဆေးရုံသို့ပို့ဆောင်ခဲ့ပြီး ကျန်(၂) ဦးကို လယ်ဒိုကရင်ကျန်းမာရေးဆေးရုံသို့ပို့ဆောင်ခဲ့ပါသည်။

KHRG ၏သတင်းမှတ်တမ်းပြုစုမှုတွင် KNLA သို့မဟုတ် PDF စစ်သားများ၏ တိုက်ခိုက်ခြင်းခံရသဖြင့် ပြန်လည်လက်တုံ့ပြန်သောအနေဖြင့် ဗမာစစ်တပ်များသည် ရွာသားများနေထိုင်သည့်ကျေးရွာနှင့် အသက်မွေးဝမ်း ကျောင်းပြုရာနေရာများကို လက်နက်ကြီးကျည်ဆံများပစ်ခတ်ခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် KNLA စစ်သားပူးပေါင်းတပ်ဖွဲ့များမှ လယ်ဒိုမြို့ရှိ ဆိပ်ကြီးဗမာစစ်တပ်စခန်း၊ ဗမာစစ်တပ်ရဲစခန်းနှင့် ဗမာစစ်တပ်ညွှန်ကြားရေးရုံးတို့အားတိုက်ခိုက်ပြီး ညနေ (၄) နာရီအချိန်ခန့်တွင် ဗမာစစ်တပ်မှ လက်နက်ကြီးကျည်ဆံ (၆၀)မမ (၃)လုံးကို လယ်ဒိုမြို့နယ်၊ သေ့ဝေါ်ဒဲကျေးရွာအုပ်စု၊ဂအ---ကျေးရွာသို့ပစ်ခတ်ခဲ့ပါသည်။ ထိုကဲ့သို့ လက်နက်ကြီးကျည်ဆံပစ်ခတ်ခြင်းကြောင့် လက်နက်ကြီးကျည်ဆံအပိုင်း အစများသည် ဖောခိကုန်းလယ်ထဲတွင် နွားကျောင်းသွားသောရွာသူတစ်ဦးဖြစ်သည့် နော်ဆထ--- ကိုထိမှန်ခဲ့ပြီး ချက်ချင်းသေဆုံးသွားခဲ့ပါသည်။ ထိုသေဆုံးသွားသော နော်ဆထ---တွင် ခင်ပွန်းနှင့် သားသမီး (၄)ဦး ကျန်ရစ်ခဲ့ပါသည်။ ၎င်း၏ ကျန်ရစ်ခဲ့ရသည့်မိသားစုဝင်များသည် ကြောက်ရွံ့မှုတို့ဖြင့်နေထိုင်နေကြရပါသည်။ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့ မနက် (၅း၃၀) အချိန်တွင် နန့်သာကွင်းစခန်းရှိ ဗမာစစ်တပ်၏ တပ်မအမှတ် (၇၇)၏ လက်အောက်ခံ ခြေမြန်တပ်ရင်းအမှတ်(၄၃၉)နှင့် ပူးပေါင်းတပ်ဖွဲ့ (၇၀)ဦးခန့်တို့သည် မူးမြို့နယ်၊ ရေတွင်းကုန်းကျေးရွာသို့ မနက်စောစောဝင်ရောက်လာကြကာ ကျေးရွာထဲသို့ လက်နက်ကြီးဖြင့် များစွာပစ်ခတ်ခဲ့သဖြင့် ရွာသား (၂) ဦးထိခိုက်သွားခဲ့ပါသည်။ ထို့နည်းတူ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့ မနက် (၆း၀၀)အချိန်ခန့်တွင် ညောင်ပင်သာစခန်း၌ အခြေစိုက်သည့် (ခလရ) မှတ်(၅)မှ စစ်သား (၁၁၅) ဦးခန့်သည် မူးမြို့နယ်၊ မူဒေသ၊ ကျီးရိုးကျေးရွာသို့ဝင်ရောက်လာကာ လက်နက်ကြီးကျည်ဆံ (၁၀) လုံးဖြင့် ငှက်ပျောတောနှင့် ကညင်ဒဲကျေးရွာသို့ ပစ်ခတ်ခဲ့ပါသည်။ ထို့ ကြောင့် ငှက်ပျောတောနှင့် ကညင်ဒဲကျေးရွာမှ ရွာသား(၂၄၇)ဦးခန့်သည် ညောင်ပင်ဆိပ်နေရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရပါသည်။

၂၀၂၃ ခုနှစ်၊ သြဂုတ်လ ၁၃ ရက်နေ့ ညနေ (၅)နာရီအချိန်တွင် ပိန်းဇလုတ်အခြေစိုက် ဗမာစစ်တပ် (ခလရ) အမှတ်(၂၆၄)မှ စစ်သားများသည် လယ်ဒိုမြို့နယ်၊ ကျောက်စရစ်ကျေးရွာအုပ်စု၊ ဘောဘလူကျေးရွာသို့ လက်နက်ကြီးကျည်ဆံများပစ်ခတ်ခဲ့ခြင်းကြောင့် ပေါက်ကွဲသွားသည့်လက်နက်ကြီးကျည်ဆံအပိုင်းအစများသည် ရွာသား (၂) အားထိမှန်သေဆုံးသွားစေခဲ့ပါသည်။ ရွာသား(၂)ဦးထဲမှ (၁)ဦးဖြစ်သည့် စောဘိုလိုသည် နွားကျောင်းသွားသည့်အချိန်တွင် ထိမှန်သေဆုံးသွားခဲ့ပြီး အခြား (၁)ဦးဖြစ်သော စောအယ်ကလူထူး (အသက် ၁၂ နှစ်)သည် ကျောင်းဆင်းပြီးသူငယ်ချင်းများနှင့်စကားပြောချိန်တွင် ထိမှန်သေဆုံးသွားခဲ့ခြင်းဖြစ်ပါသည်။

၂၀၂၃ ခုနှစ်၊ သြဂုတ်လ ၂၉ ရက်နေ့ မနက် (၁၁း၅၀) အချိန်တွင် ပိန်းဇလုတ်စခန်းအခြေစိုက် ဗမာစစ်တပ် ခြေလျင်တပ်ရင်းအမှတ် (၂၆၄)မှ ဆောထိမြို့နယ်၊ သေ့ဘာထီးကျေးရွာအုပ်စု၊ ဃက--- ကျေးရွာသို့ လက်နက်ကြီးကျည်ဆံ (၁၂၂)မမဖြင့် ပစ်ခတ်ခဲ့ပါသည်။ ထိုပေါက်ကွဲသွားသည့် လက်နက်ကြီးကျည်ဆံ အပိုင်းအစများသည် မိသားစု (၃)ဦး ကိုထိမှန်ပြီး နေအိမ် (၁) လုံးပျက်စီးသွားခဲ့ပါသည်။ ၎င်းတို့မိသားစု (၃)ဦးထဲမှ (၇)နှစ်အရွယ် သမီးဖြစ်သူမှာ ချက်ချင်းသေဆုံးသွားခဲ့ပြီး မိခင်ဖြစ်သူမှာ ဆေးရုံတွင်သေဆုံးသွားခဲ့ပါသည်။ သို့သော် ဖခင်ဖြစ်သူသည် ဆေးရုံတွင် ဆေးကုသမှု ဆက်လက်ခံယူခဲ့ရပါသည်။ ထိုနေ့ ညနေ (၁း၂၅) အချိန်တွင် အဆိုပါ ဗမာစစ်တပ်မှ သေ့ဘာထီးကျေးရွာအတွင်းသို့ လက်နက်ကြီးကျည်ဆံ (၁၂၂) မမ တစ်လုံးထပ်မံပစ်ချခြင်းကြောင့် ရွာသားများ၏နေအိမ် (၄) လုံးထိမှန်ပျက်စီးသွားခဲ့ရပါသည်။ ဗမာစစ်တပ်မှ လက်နက်ကြီးကျည်ဆံများကို အဆက်မပြတ်ပစ်ခတ်ခြင်းကြောင့် ရွာသားများသည် ကြောက်ရွံ့နေကြရပြီး သတိဝိရိယဖြင့် အမြဲတစေ နေထိုင်နေကြရပါသည်။ ယခုအချိန်သည် မိုးရွာရေကြီးသဖြင့် ရွာသားများထွက်ပြေးတိမ်းရှောင်ရန် မလွယ်ကူသောကြောင့် အခက်အခဲများဖြင့်ရင်ဆိုင်နေကြရပါသည်။ ဒေသခံရွာသားများသည် ဗမာစစ်တပ်များ၏ လက်နက်ကြီးဖြင့် ပစ်ခတ်မှုရန်ကိုကာ

ကွယ်ရန်အတွက် ဖုံးခိုကျင်းများ တူးထားကြသော်လည်း ဗမာစစ်တပ်မှ လက်နက်ကြီးကျည်ဆံများကို မည်သည့်အချိန်တွင် ပစ်ခတ်မည်ကို မသိရှိရသောကြောင့် သေဆုံးမှု၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီး ဆုံးရှုံးမှုများ အမြဲဖြစ်ပေါ်စေနိုင်ပါသည်။

### ဘိတ်-ထားဝယ်ခရိုင်

၂၀၂၃ ခုနှစ်၊ ဧပြီလမှ ဩဂုတ်လအတွင်း ဗမာစစ်တပ်မှ ဘိတ်-ထားဝယ်ခရိုင်ရှိ ရွာများနှင့်အသက်မွေးဝမ်းကျောင်းပြုသည့် နေရာများသို့ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည့်အချက်အလက်များကို KHRG မှ မှတ်တမ်းပြုစုခဲ့ပါသည်။ ဗမာစစ်တပ်မှ ကျေးရွာနှင့်အသက်မွေးဝမ်းကျောင်းပြုသည့်နေရာများသို့(၉)ကြိမ် ပစ်ခတ်ခဲ့ပြီး ရွာသား (၂) ဦးသေ ဆုံးကာ (၇) ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း KHRG မှ မှတ်တမ်းပြုစုခဲ့ပါသည်။

ထိုကဲ့သို့ ဗမာစစ်တပ်၏ လက်နက်ကြီးကျည်ဆံများကို ရွာထဲနှင့်အသက်မွေးဝမ်းကျောင်းပြုရာနေရာများကို ကြိမ်ဖန်များစွာ ပစ်ခတ်ခြင်းကြောင့် အသက်အန္တရာယ်စိုးရိမ်းရခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်း၊ ပိုင်ဆိုင်မှုများပျက်စီးခြင်းနှင့် ဤကဲ့သို့ကြောက်ရွံ့လန့်ကြရခြင်းများကြောင့် ရွာသားများသည် တောထဲသို့ထွက်ပြေးတိမ်းရှောင်နေခဲ့ကြရပါသည်။ ထိုဖြစ်ပျက်မှုများထဲမှ တစ်ခုသည် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ဗမာစစ်တပ်သည် ကစယ်ဒိုမြို့နယ်၊ ကလဲမူထီဒေသ၊ ရင်ကျေးရွာသို့ဝင်ရောက်လာချိန်တွင် KNLA ပူးပေါင်းစစ်သားများနှင့် တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထိုတိုက်ပွဲဖြစ်ပွားသည့်အချိန်တွင် ဗမာစစ်တပ်မှ ကစယ်ဒိုမြို့နယ်၊ ကလဲမူထီဒေသ၊ ကမြနှင့်ရင်ကျေး ရွာသို့ လက်နက်ကြီးကျည်ဆံပစ်ခတ်ခဲ့သဖြင့် ရွာသားများကြောက်ရွံ့ကာ ရွာထဲမှထွက်ပြေးတိမ်းရှောင်ခဲ့ကြရပါသည်။ ရွာသားများထဲမှ တစ်ဦးသည် **"လက်နက်ကြီးကိုကြောက်လို့ အသံကြားတဲ့အချိန်မှာ ခနိတောထဲထွက်ပြေးခဲ့တယ်။ ဗမာစစ်တပ်တွေကျတော်တို့ကိုမတွေ့ဖို့ လုံခြုံရေးအတွက် ရေထဲမှာပုန်းနေကြရတယ်။"** ထို့နည်းတူ ဖြစ်ပွားမှုနှင့်နီးသောနေရာတွင် တည်ရှိသည့်ရွာပေါင်း (၆) ရွာမှ လူဦးရေ (၃,၀၀၀) ကျော်သည် အခြားသောနေရာသို့ ထွက်ပြေးတိမ်းရှောင်နေခဲ့ကြရသည်။ ဗမာစစ်တပ်မှ ရင်ဘုန်းကြီးကျောင်းတွင်နေကာ လက်နက်ကြီးကျည်ဆံများကို ကျေးရွာထဲသို့ပစ်ပြီး ရွာထဲတွင် လှည့်လည်ခြင်းများလည်းရှိသဖြင့် ရွာသားများအနေဖြင့် ၎င်းတို့၏ကျေးရွာသို့ ပြန်လည်နေထိုင်ရန် မဝံ့မရဲဖြစ်နေရပါသည်။ ရွာသားများသည် ရင်ကျေးရွာသို့ လက်နက်ကြီးပစ်ခတ်မှုသည် ဗမာစစ်တပ်ဟု တပ်အပ်မသိရသော်လည်း ဒေသခံနှင့် မြို့နယ်ခေါင်းဆောင်များက ထိုဒေသတွင်း ဗမာစစ်တပ် (ခလရ) အမှတ် (၄၀၃)၊ (၄၀၄) နှင့် (၄၀၅) လှုပ်ရှားသွားလာလျက်ရှိကြောင်း ပြောပါသည်။

ထို့နည်းတူ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ဗမာစစ်တပ်မှ လယ်မူလားမြို့နယ်၊ ပုလောဒေသ၊ ကျောက်နီကျေးရွာသို့ လက်နက်ကြီး (၇)လုံးဖြင့် မည်သည့်တိုက်ပွဲမှ ဖြစ်ပွားခြင်းမရှိပဲ ပစ်ခတ်ခဲ့ပါသည်။ ဤကဲ့သို့ လက်နက်ကြီးကျည်ဆံ ရုတ်တရက်ပစ်ခတ်ခြင်းကြောင့် လက်နက်ကြီးကျည်ဆံအပိုင်းအစများသည် အသက် (၄၀) နှစ်ရှိသည့် ဦးကိုရဲဝင်းကိုထိမှန်ကာ သေဆုံးခဲ့သည့်အပြင် ၎င်း၏မိသားစုဝင်များမှာလည်း ထိမှန်ဒဏ်ရာရရှိသွားခဲ့ပါသည်။ အခြားသောရွာသားများသည် ရွာထဲတွင်မနေရဲတော့သဖြင့် အခြားသောကျေးရွာများနှင့် နီးစပ်ရာမြို့များသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရပါသည်။

### မူတြော်ခရိုင်

၂၀၂၃ ခုနှစ်၊ ဧပြီလ မှ ဩဂုတ်လတွင် ဗမာစစ်တပ်မှ မူတြော်ခရိုင်ရှိ ကျေးရွာများနှင့်ရွာသားများအသက်မွေး ဝမ်းကျောင်းပြုရာ နေရာများသို့ လက်နက်ကြီးကျည်ဆံများပစ်ခတ်ခြင်းကို အကြိမ်ပေါင်းများစွာ ပြုလုပ်ခဲ့သည့် အချက်အလက်များထဲမှ အကြိမ် (၂၀)ကို KHRG မှ မှတ်တမ်းပြုစုခဲ့ပါသည်။ ဤကဲ့သို့ ဗမာစစ်တပ်မှ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်ဆံအပိုင်းအစများထိမှန်သဖြင့် ရွာသား (၁)ဦး သေဆုံးခြင်း၊ (၄)ဦး ထိခိုက်ဒဏ်ရာရရှိခြင်း၊ အိမ်မွေးတိရစ္ဆာန်များထိမှန်ခြင်းနှင့် နေအိမ်(၃)လုံးပျက်စီးခြင်းများ ဖြစ်ပွားခဲ့သည်။ ထိုဖြစ်ပျက်မှုများထဲမှ တစ်ခုမှာ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ ညနေ (၈း၂၀) အချိန်ခန့်တွင် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မထောကျေးရွာ အုပ်စုတွင် အခြေစိုက်သည့် ဗမာစစ်တပ်သည် ဒွယ်လိုးမြို့နယ်၊ ထီးသဘလုထကျေးရွာအုပ်စု၊ ဃက--- ကျေး ရွာသို့ လက်နက်ကြီးကျည်ဆံ (၁၂၀) မမ (၂)လုံးဖြင့် ပစ်ခတ်ခဲ့ပါသည်။ လက်နက်ကြီးကျည်ဆံ(၂)လုံးထဲမှ (၁)လုံးသည်ပေါက်ကွဲသွားခဲ့ပြီး အပိုင်းအစများမှာ နေအိမ် (၁)လုံးအားထိမှန်ပျက်စီးသွားပြီး အိမ်ထဲတွင်ရှိသည့် မိသားစု (၅) ဦးကိုပါထိမှန်သွားခဲ့ပါသည်။ ဤလက်နက်ကြီးအပိုင်းအစ ထိမှန်သဖြင့် မိသားစုထဲမှ(၁)ဦးမှာ ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာတွင်ပင် သေဆုံးသွားခဲ့ပါသည်။

ထို့နည်းတူ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့ မနက် (၈း၃၀) အချိန်တွင် ဒွယ်လိုးမြို့နယ်၊ မထောကျေးရွာအုပ်စု၊ မထောကျေးရွာတွင်အခြေစိုက်သည့် ဗမာစစ်တပ် (ခမရ) အမှတ် (၄၀၈) နှင့် (၄၀၇) တို့မှ သွာခိုလိုကျေးရွာသို့လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ပါသည်။ ထိုပစ်ခတ်မှုတွင် ရွာသားများ၏နေအိမ်(၂)လုံးအပြင် အိုးပန်းကန်နှင့်အိမ်တိုင်၊ အိမ်ဆောက်ရန်သိမ်းထားသည့် သစ်သားပြားများနှင့် ဆိတ်တဲ (၁)လုံး ပျက်စီးသွားခဲ့ပါသည်။

ဒွယ်လိုးမြို့နယ်၊ ထီးသလုထကျေးရွာအုပ်စု၊ ကစယ်သဲဖလယ်နေရာတွင် အခြေစိုက်သည့် BGF အမှတ် (၁၀၁၃) မှ တပ်ရင်းမှူး ခင်ကျော်ဝင်းဦးဆောင်သည့် တပ်ဖွဲ့များသည် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့ ညနေ (၉) နာရီအချိန်တွင် ထီးသဘလုထကျေးရွာအုပ်စုရှိ ရွာသားများ အသက်မွေးဝမ်းကျောင်းပြုရာနေရာသို့ လက်နက်ကြီး(၁၂၀) မမ (၂) လုံးပစ်ခတ်ခဲ့သဖြင့် ရွာသား၏ နွားထီး (၁) ကောင်ထိခိုက်ဒဏ်ရာရရှိသွားခဲ့ပါသည်။ ဗမာစစ်သားများ ဒေသခံရွာသားများ၏နေထိုင်ရာကျေးရွာများသို့ လက်နက်ကြီးကျည်ဆံများပစ်ခတ်သောကြောင့်ဒေသခံရွာသားများအနေဖြင့် ကြောက်ရွံ့ကြရပြီး ထွက်ပြေးတိမ်းရှောင်ခဲ့နေကြရပါသည်။ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့ မနက်(၁၀) နာရီအချိန်တွင် မာထောအခြေစိုက် ဗမာစစ်တပ် (ခမရ- ၄၀၇) မှ လက် နက်ကြီးကျည်ဆံ (၁၂၀) မမ (၃) လုံးကို မာထောကျေးရွာသို့ပစ်ခတ်ခဲ့ပါသည်။ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်ဆံ (၃)လုံးမှ (၂) သည် ပေါက်ကွဲသွားခဲ့သောကြောင့် မာထောရွာသား (၃၀၀) ခန့် ကျေးရွာထဲတွင်နေရန် ကြောက်ရွံ့ကြသောကြောင့် အခြားသောနေရာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရပါသည်။

**ဒူးပလာယာခရိုင်**

၂၀၂၃ ခုနှစ်၊ ဧပြီလမှ ဩဂုတ်လတွင် ဗမာစစ်တပ်မှ ဒူးပလာယာခရိုင်အတွင်းရှိ ဒေသခံရွာသားများ၏ ကျေးရွာများနှင့် အသက်မွေးဝမ်းကျောင်းပြုသည့်နေရာများသို့ လက်နက်ကြီးကျည်ဆံ (၁၂) ကြိမ် ပစ်ခတ်ခဲ့သည့် အချက်အလက်ကို KHRG မှ မှတ်တမ်းပြုစုခဲ့ပါသည်။ ထိုလက်နက်ကြီးပစ်ခတ်မှု(၁၂)ကြိမ်အတွင်း ရွာသား (၅)ဦး သေဆုံးပြီး ရွာသား(၃၂) ဦး ထိခိုက်ဒဏ်ရာရရှိကာ နေအိမ် (၄၈)လုံး ထိခိုက်ပျက်စီးသွားခဲ့ပါသည်။

ထိုဖြစ်စဉ်များထဲမှ တစ်ခုသည် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့ မနက်(၇)နာရီအချိန်တွင် ဗမာစစ်တပ် (စကခ)အမှတ် (၁၂) ၏ လက်အောက်ခံ (ခမရ) အမှတ် (၅၄၆) စစ်သားများမှ ကရူတူးမြို့နယ်သို့ လက်နက်ကြီးကျည်ဆံ (၁၂၀)မမဖြင့် ပစ်ခတ်ခဲ့သဖြင့် ပေါက်ကွဲသွားသည့် လက်နက်ကြီးကျည်ဆံ အပိုင်းအစများသည် အသက် (၁၅) နှစ်အရွယ်ရှိ ရွာသား (၁)ဦး ထိမှန်သေဆုံးသွားခဲ့ရပါသည်။ နောက်နေ့ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့ မနက်(၁) နာရီအချိန်တွင် ဗမာစစ်တပ်မှ ကရူတူးမြို့နယ်သို့ လက်နက်ကြီးကျည်ဆံ (၁၂၀) မမ ပစ်ခတ်ခဲ့သဖြင့် အသက်(၆၅)နှစ်ရှိ ဒေါ်သန်းမြင့်ကို လက်နက်ကြီးကျည်ဆံ အပိုင်းအစထိမှန်သဖြင့် ဒေသခံရွာသားများမှ ၎င်းအား ဆေးကုသမှုခံယူရန်အတွက် ကရူတူးမြို့ရှိဆေးရုံသို့ ချက်ချင်းပို့ဆောင်ပေးခဲ့ကြပါသည်။ သူမ၏ဒဏ်ရာသည် ပြင်းထန်သည့်အပြင် နှလုံးရောဂါဝေဒနာရှင်ဖြစ်သည့်အတွက် ဆေးရုံတွင်သေဆုံးသွားခဲ့ပါသည်။ ဗမာစစ်တပ်မှ ဧပြီလ ၂၅ ရက်နှင့် ၂၆ ရက်၌ ဒေသခံရွာထဲသို့ လက်နက်ကြီးကျည်ဆံများပစ်ခတ်သောကြောင့် လက်နက်ကြီးကျည်ဆံထိမှန်ဒဏ်ရာရရှိသူ (၁၆) ဦးရှိခဲ့ပြီး ရွာသားများ၏နေအိမ် (၃၅) လုံးပျက်စီးသွားခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့ ညနေ (၆) နာရီအချိန်တွင် တကူတဲကျေးရွာနှင့် (၁၀) မိုင်အကွာတွင်သာအခြေစိုက်သည့် ဗမာစစ်တပ်မှ ကော်တရိုမြို့နယ်၊ တကူတဲကျေးရွာအုပ်စု၊ တကူတဲကျေးရွာသို့ လက်နက်ကြီးကျည်ဆံပစ်ခတ်ခဲ့သော်လည်း မည်သည့်ပျက်စီးခြင်းမှမရှိခဲ့ပါ။ သို့သော် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့တွင် အဆိုပါ ဗမာစစ်သားများသည် တကူတဲကျေးရွာသို့ လက်နက်ကြီးကျည်ဆံ ထပ်မံပစ်ခတ်ခဲ့ပါသည်။ ရွာသားများသည် ဤပစ်ခတ်မှုဖြစ်ပွားမည်ကို ကြိုတင်မသိရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ရန်အချိန်မမီတော့သောကြောင့် ရွာသား(၂)ဦးဖြစ်သည့် မောင်ဆဒ--- (၂၁) နှစ်နှင့် မောင်ဆန--- (၁၇) နှစ် တို့ ထိမှန်ဒဏ်ရာရရှိသွားခဲ့ပါသည်။ မောင်ဆန--- သည် လက်နက်ကြီးကျည်ဆံပေါက်ကွဲသည့်အပိုင်းအစထိမှန်သဖြင့် ၎င်း၏ကျောဖက်တွင်ပြင်းထန်စွာဒဏ်ရာရရှိသွားခဲ့ပြီး အသက်အန္တရာယ်စိုးရိမ်ရသည့် အနေအထားတွင်ရှိနေပါသည်။ ထို့အပြင် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ ညနေ (၇း၂၅) အချိန်တွင် ဗမာစစ်တပ် (ခလရ) အမှတ် (၂၇၅) မှ ကော်တရိုမြို့နယ်၊ နို့ဖိုးကျေးရွာအုပ်စု၊ မဲကနဲကျေးရွာသို့ လက်နက်ကြီးကျည်ဆံ (၈၀) မမ (၄)လုံး ပစ်ခတ်ခဲ့ပါသည်။ ထိုပစ်ခတ်မှုအတွင်း ရွာသား (၂) ဦးထိမှန်ဒဏ်ရာရရှိသွားခဲ့ပြီး နေအိမ် (၃) လုံးပျက်စီးသွားခဲ့ပါသည်။

တစ်ခါတစ်ရံ ဗမာစစ်တပ်သည် ဒေသခံလက်နက်ကိုင်တပ်ဖွဲ့များ၏ ပစ်ခတ်ခြင်းကိုခံရပြီးနောက် လက်နက်ကြီးကျည်ဆံများကို ကျေးရွာများသို့ပစ်ခတ်ခြင်းနှင့် အချို့သောအချိန်များတွင် မည်သည့်တိုက်ပွဲမှ ဖြစ်ပွားခြင်းမရှိသော်လည်း လက်နက်ကြီးကျည်ဆံများကို ကျေးရွာများသို့ပစ်ခတ်ကြပါသည်။ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့ ညနေ (၆)နာရီအချိန်တွင် KNLA တပ်ရင်းအမှတ်(၁၇), တပ်ခွဲအမှတ်(၂) နှင့် PDF ပူးပေါင်းတပ်ဖွဲ့များမှ နို့တကောမြို့နယ်၊ သိုးတယ်ကျေးရွာဘေးတွင် အခြေစိုက်သည့် ဗမာစစ်တပ်(ခလရ) အမှတ်(၂၈၃)ကို ဒရုန်းနှင့်ပစ်ခတ်တိုက်ခိုက်ခဲ့ပါသည်။ သို့သော် ဗမာစစ်တပ်မှ ညဖက် (၁၁) နာရီအချိန်တွင် တကူခီးကျေးရွာသို့ လက်နက်ကြီးကျည်ဆံပစ်ခတ်ခဲ့သဖြင့် ရွာသား၏ နေအိမ် (၁)လုံး အနည်းငယ်ပျက်စီးသွားခဲ့ပါသည်။ နောက်နေ့တွင် မည်သည့်တိုက်ပွဲမှ ဖြစ်ပွားခဲ့ခြင်းမရှိသော်လည်း ဗမာစစ်တပ်သည် တကူခီးကျေးရွာသို့ လက်နက်ကြီးကျည်ဆံထပ်မံပစ်ခတ်ခဲ့သောကြောင့် ပေါက်ကွဲသွားသည့်လက်နက်ကြီးကျည်ဆံအပိုင်းအစများသည် စောဆပ--- (၄၄) နှစ်၏ ဦးခေါင်းနှင့်လက်တို့အား ထိမှန်၍ချက်ချင်းသေဆုံးသွားခဲ့ပြီး ၎င်း၏နေအိမ်လည်း ပျက်စီးသွားခဲ့ပါသည်။

ဗမာစစ်တပ်မှ ကော်တရိုမြို့နယ်ရှိ ကောနွဲ့ကျေးရွာအုပ်စု၊ မောင်မကျေးရွာအုပ်စု၊ ဘုရားသုံးဆယ်သုံးဆူကျေးရွာအုပ်စု၊ ဖလူးကျေးရွာအုပ်စု၊ မောခီးကျေးရွာအုပ်စုနှင့် ဖလူးကျေးရွာအုပ်စုများရှိ ဒေသခံကျေးရွာများသို့ လက်နက်ကြီးကျည်ဆံများ တစ်နေ့ (၂) ကြိမ်ပစ်ခတ်ခြင်းနှင့် တစ်ခါတစ်ရံ ရွာသားများ၏ အသက်မွေးဝမ်းကျောင်းပြုရာနေရာများသို့ လက်နက်ကြီးကျည်ဆံများ တစ်ပတ် (၃)ကြိမ် ပစ်ခတ်ခြင်းကြောင့် ဒေသခံရွာသားများ သတိဝီရိယနှင့် ကြောက်ရွံ့မှုဖြင့် အမြဲတစေနေထိုင်နေကြရပါသည်။

**အရှေ့မျက်နှာဖုံး**

ဤဓာတ်ပုံသည် ၂၀၂၃ ခုနှစ်၊ မေလ ၂၃ ရက်နေ့၌ ဒူးပလာယာခရိုင်၊ ကော်တရိုမြို့နယ်၊ မောခီးကျေးရွာအုပ်စု၊ ပန္တဲ့ဖိုးကလိုးရွာတွင် ဗမာစစ်တပ်မှ လေယာဉ်ဖြင့် လာရောက်ဗုံးကြဲတိုက်ခိုက်သောကြောင့် ခရစ်ယာန်ဘုရား ရှိခိုးကျောင်းတစ်ကျောင်းနှင့် နေအိမ်တစ်လုံး ထိခိုက်ပျက်စီးသွားခြင်းကို ဖော်ပြထားခြင်း ဖြစ်သည်။ (ဓာတ်ပုံ – ဒေသခံရွာသား)

**အနောက်မျက်နှာဖုံးဓာတ်ပုံ**

ဤဓာတ်ပုံသည် ၂၀၂၃ ခုနှစ်၊ မေလ ၂၃ ရက်နေ့တွင် ဒူးပလာယာခရိုင်၊ ဝင်ရေးမြို့နယ်၊ ဘဲလမူးကျေးရွာအုပ်စု၌ ဗမာစစ်တပ်တိုက်လေယာဉ်မှ လာရောက်ဗုံးကြဲတိုက်ခိုက်သောကြောင့် ရွာသားများအနေဖြင့် တောထဲသို့ ထွက်ပြေးတိမ်းရှောင်ကြရသည့်ပုံဖြစ်သည်။ တိုက်လေယာဉ်များသည် ၎င်းတို့ဒေသတွင် ဆက်လက်ကင်းလှည့် လည်ပျံသန်းခြင်းများ လုပ်ဆောင်နေသောကြောင့် ရွာသားများသည် တောထဲတွင် ၁၀ ရက် ကျော်နေထိုင်ရပြီး ၎င်းတို့အိမ်သို့ပြန်ရန် မဝံ့ရဲကြပေ။ (ဓာတ်ပုံ–ဒေသခံရွာသား)

“

ကျွန်တော်အိမ် မီးရှို့ခံရတဲ့နေ့ကတည်းက ကျွန်တော်ထွက်ပြေးခဲ့တယ်…ချောင်းမြောင်းနဲ့ အနီးအနားကကျေးရွာတွေကိုဖြတ်ခဲ့ရတယ်-- နောက် မိုးတွေကလဲတအားရွာတော့ လမ်းကမကောင်း ရေကကြီးတော့ သွားလာရတာ အရမ်းခက်ခဲတယ်---ကျွန်တော်ထွက်ပြေးလာကတည်းက ရွာကိုတစ်ခေါက်မှ ပြန်မရောက်သေးဘူး--- အိမ်ကလည်းမရှိ ဗမာစစ်တပ်ကလည်း ရွာမှာကင်းလှည့်နေတော့ ပြန်လို့မဖြစ်သေးဘူး။ သူတို့က လူတစ်ယောက်ယောက်တွေ့တာနဲ့ ပစ်သတ်တာပဲ။ အခုက ရွာမှာ လူတစ်ယောက်မှ မရှိတော့ဘူး။ လူတိုင်းက ကိုယ့်အိမ်ကိုယ်ပြန်ချင်ကြတာချည်းပဲ။ စိတ်အရမ်းထိခိုက်တယ်

ရင်ရွာသားဦးဆဘ---၊ ကလဲမူထီဒေသ၊ လယ်ဒိုစိုးမြို့နယ်၊ ဘိတ်ထားဝယ်ခရိုင်

”

